ပုံစံ-(မနသ-၅)

စာအမှတ် ၄၆၆၆-၁၁

ရက်စွဲ ၂၈/၃/၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့် အမှတ်၊မနသ- ၁၁၆၂/၂၀၁၆ ။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ (ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးအောင်မြတ်

(ခ) **အဘ အမည်** ဦးသိန်းမြင့်

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂/ဥကတ(နိုင်)၀၂၃၀၃၉

(ဃ) **နေရပ်လိပ်စာ** အမှတ်-၃၇၊ ဝေဇယန္တာလမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း** New General Industry Co., Ltd. (သစ်လွင်အထွေထွေ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ် ၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂၊ အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်) ရှိ မြေဧရိယာ(၉.၀၇၇) ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ကျပ်သန်း ၃၃,၀၀၀.၀၀ တိတိ (အမေရိကန်ဒေါ်လာ ၅.၄၆ သန်း အပါအဝင် ကျပ်သန်း သုံးသောင်းသုံးထောင်တိတိ)

(ဈ) **တည်ဆောက်မှုကာလ** ၁ နှစ်

(ည) **ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း** ၃၅ နှစ်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ဟာနံ့သတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၂၈ /၂၀၁၆(မနသ)

၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်

၁။ မြန်မာကုမ္ပဏီဖြစ်သော သစ်လွင်အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited)သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ယခင် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း)ပိုင် အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၊ အမှတ် ၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ ၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၉.၈၃ ဧက အား ငှားရမ်း၍ နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်ကို ၂၀၁၆ ခုနှစ် မတ်လ ၄ ရက်နေ့ တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်၏ (၈/၂၀၁၆) အစည်းအဝေး၌ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို ကျင့်သုံးလျက် သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) ကို နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၁၆၂/၂၀၁၆ ကို ထုတ်ပေး လိုက်သည်။

၂။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များကို ခံစားခွင့်ပြုနိုင်ရန် ဤ အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၂၀(က)အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ)အရ လုပ်ငန်းမှ ရရှိသောအမြတ်ငွေကို ပြန်လည် ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့်(သို့မဟုတ်)သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

ကန့်သတ်

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ် အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကိုယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဆ) အရ လုပ်ငန်းစတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ဇ) အရ ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်းကိရိယာ၊ အဆောက်အဦ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ၂၀(ဈ)အရ လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဆ) ဥပဒေပုဒ်မ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဇ) ဥပဒေပုဒ်မ၂၀(ဋ)အရ ပြည်ပသို့ တင်ပို့ရန် ထုတ်လုပ်သည့် ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထား ရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ၂၀(ဆ)အရ ပြည်ပမှ တင်သွင်းသည့် ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် ဤခွင့်ပြုမိန့်အရလုပ်ငန်း ဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ် ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများ ကို သီးခြား ပြုစုထားရှိရမည်။

၆။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာ တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ယခင် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း) ပိုင် အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၏ စက်ရုံ၊ မြေနှင့် အဆောက်အဦအား ငှားရမ်းမည့် သဘောတူစာချုပ်ကို ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ကိုက်ညီအောင် ပြန်လည်ချုပ်ဆို ဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခြင်း သက်တမ်းကာလမှာ မြေငှားစာချုပ် လက်မှတ်ရေးထိုးသည့် ၁-၇-၂၀၁၂ နေ့မှစတင်၍ ကနဦး ၂၅ နှစ် နှင့် သက်တမ်းတိုးမြှင့်မည့် ကာလ မှာ တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် ၂ ကြိမ် ဖြစ်ပါသည်။ ကနဦး ၂၅ နှစ် သက်တမ်း ကုန်ဆုံးမည့် အချိန်နီးမှသာ ကနဦး သက်တမ်းကို နှစ် ၅၀ သို့ သက်တမ်း တိုးမြှင့်ခွင့်ကို ပြန်လည် တင်ပြရမည်။ ထိုသို့ စာချုပ်သက်တမ်း ကာလ တိုးမြှင့်ခြင်းအား ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်သည်။

၈။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် စက်ရုံ၊ မြေနှင့် အဆောက်အဦ များ၏ ငှားရမ်းခနှုန်းထားအဖြစ် တစ်နှစ်လျှင် ကျပ်သန်း ၁၈၃.၆၀ (ကျပ် တစ်ရာရှစ်ဆယ့်သုံးသန်း ခြောက်သိန်းတိတိ) အား စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ယခင် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း) သို့ ပေးသွင်းရမည်။

၉။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)ကို အငှားချထားသူ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ယခင် ဆေးဝါးနှင့် စားသောက်

ကုန်လုပ်ငန်း)နှင့် အငှားချထားခြင်းခံရသူ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်တို့ အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၏ စက်ရုံ၊ မြေနှင့် အဆောက်အဦအား ငှားရမ်းမည့် သဘောတူ စာချုပ်ကို ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင် ချုပ်ဆိုပြီးပါက လက်မှတ်ရေးထိုး၍ ထိုက်သင့်သော တံဆိပ်ခေါင်း ခွန်များအား ဆောင်ပြီးသည့်အခါ ယင်း သဘောတူ စာချုပ် မိတ္တူ(၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၁၀။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာ တွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေး တို့အတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း(Initial Environmental Examination-IEE)နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) တို့ကို ပြုလုပ်ဆောင်ရွက်ပြီး ယင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကော်မရှင်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၂။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း အလုပ်သမားများခန့်ထားရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက် ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေး ပြေလည်စေရန် အလေးထား ဆောင်ရွက် ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျ ရှိစေရေး အတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၁၃။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့် အတိုင်း စနစ်တကျထားရှိ ဆောင်ရွက် ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုတတ်စေရန် သင်တန်းများပေးရမည်။

၁၄။ ထို့ပြင် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်

အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ အခြားသောပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားမှုအခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၅။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန တွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိဆောင်ရွက်ရမည်။

၁၆။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်းအကောင် အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (သုံး)လတစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ်စတင် ဆောင်ရွက်သည့်နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး (တစ်)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၇။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသလိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်)တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်**တင်ပြ၍ အတည်ပြုခွင့်ပြုချက်ကိုရယူရမည်။

၁၈။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (New General Industry Company Limited) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၉။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင်တို့ကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်း အဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ

၃၂(င)အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်း ခြင်းခံရမည်။

၂၀။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဇေယျာအောင်)

ဥက္ကဋ္ဌ

စာအမှတ်၊ရက-၃/မ-၁၃၁၉/၂၀၁၆ (၄၆၆၆ . ၁၁)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ယခင် ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း)

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အုပ်ချုပ်မှုဒါရိုက်တာ၊ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

(New General Industry Company Limited)

ကုမ္ပဏီအမည် - သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

လုပ်ငန်း - နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုချက်လက်ခံရရှိခြင်း	၁၄-၁-၂၀၁၅		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၃/၂၀၁၅) သို့ အစည်းအဝေး တင်ပြခြင်း	၁၉-၁-၂၀၁၅		လုပ်ငန်း ဆောင်ရွက်မည့် နေရာ၊ လုပ်ငန်း အမျိုးအစား မတူညီပါသဖြင့် စက်ရုံတစ်ခုချင်းစီ အလိုက် အဆိုပြုချက်အား ခွဲခြား တင်ပြရန် ဆုံးဖြတ် ခဲ့ပါသည်။
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏(၃/၂၀၁၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် အား ကုမ္ပဏီသို့ အကြောင်းကြားခြင်း	၂၃-၁-၂၀၁၅		
၄	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏(၃/၂၀၁၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် နှင့်အညီ ကုမ္ပဏီမှ ပြင်ဆင် တင်ပြလာခြင်း	၁၈-၁-၂၀၁၆		
၅	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၂၂-၁-၂၀၁၆	၁၁-၂-၂၀၁၆	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့	၂၂-၁-၂၀၁၆	၂၂-၂-၂၀၁၆	
	(ဂ) စက်မှုဝန်ကြီးဌာန	၂၂-၁-၂၀၁၆	၁၅-၂-၂၀၁၆	
၆	ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်ပြီး အဆိုပြုလွှာ (၉)စုံ ပေးပို့ခြင်း	၃-၃-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက်	**(၄၁၅) ရက်**		

- လုပ်ငန်း ဆောင်ရွက်မည့် နေရာ၊ လုပ်ငန်း အမျိုးအစား မတူညီပါသဖြင့် စက်ရုံတစ်ခုချင်းစီ အလိုက် အဆိုပြုချက်အား ခွဲခြား တင်ပြရန် ဆုံးဖြတ် ခဲ့ပါသည်။
- အဆိုပြုချက်စိစစ်ရေးအဖွဲ့၏(၃/၂၀၁၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ကုမ္ပဏီမှ ၁၈-၁-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်တင်ပြလာပါသည်။
- ကုမ္ပဏီမှ ပြင်ဆင်တင်ပြချက်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့သို့ ၂၂-၁-၂၀၁၆ရက်နေ့တွင် သဘောထား များ တောင်းခံခဲ့ပါသည်။

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်မှ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါး လုပ်ငန်းပိုင် အမှတ် (၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်) တွင် နိုင်ငံတကာ အဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြလာခြင်း ကိစ္စ ။**

၁။	ကုမ္ပဏီအမည်	- New General Industry Co., Ltd. (သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်)
	လုပ်ငန်းအဆိုပြုသူအမည်	- ဦးအောင်မြတ်(အဘ-ဦးသိန်းမြင့်)
	အဆိုပြုလုပ်ငန်းအမျိုးအစား	- နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂။	လုပ်ငန်းတည်နေရာ	- စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၊ ၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၂ မှ ၁၃၂ ထိ၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး
	မြေပိုင်ရှင်	- စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း
	မြေအကျယ်အဝန်း	- မြေဧရိယာ(၉.၈၃)ဧက (၃၉,၇၈၀.၆၃၃၈ စတုရန်းမီတာ)
	အဆောက်အဦအရေအတွက်	- ပင်မအလုပ်ရုံ ၄ ရုံ အပါအဝင် အဆောက်အဦ ၈၄ လုံး
၃။	လုပ်ငန်းဆောင်ရွက်မှုအာမခံ (PBG)	- တစ်နှစ်စာငှားရမ်းခ၏ ၁၀%နှင့်ညီမျှသော တန်ဖိုး
	မြေနှင့်စက်ရုံငှားသက်တမ်း	- ကနဦး နှစ် ၅၀ သက်တမ်းတိုး ၁၀နှစ် ၂ကြိမ် (၁-၇-၂၀၁၂ မှ ၃၀-၆-၂၀၆၂ ထိ လက်ကျန် သက်တမ်း ၄၆ နှစ် ဖြစ်ပါသည်။)
	နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခ	- ကျပ် ၁၈၃.၆၀၀ သန်း
၄။	လုပ်ငန်းသက်တမ်း	- ကနဦး နှစ် ၅၀ သက်တမ်းတိုး ၁၀နှစ် ၂ကြိမ်
	တည်ဆောက်ရေးကာလ	- ၁နှစ်
၅။	**စုစုပေါင်းရင်းနှီးမြှုပ်နှံမှု**	- **ကျပ် ၃၃,၀၀၀.၀၀ သန်း (US$ ၅.၄၆ သန်း အပါအဝင်)**
	ထည့်ဝင်သည့်အမျိုးအစား	**ကျပ်(သန်း)**
	ငွေသား	၃၈၁.၀၄
	စက်ပစ္စည်းကိရိယာများ (ပြည်ပ)	၆,၅၅၅.၆၀ (US$ ၅.၄၆ သန်း)
	အဆောက်အဦတန်ဖိုး	၂၅,၈၇၉.၇၆
	မြေငှားရမ်းခ	၁၈၃.၆၀
၆။	ပြည်တွင်းဝန်ထမ်းအင်အား (ပထမနှစ်)	- ၁၄၀ ဦး (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာကျပ် ၁၀၈,၀၀၀ နှင့် အမြင့်ဆုံးလစာ ကျပ် ၅၀၀,၀၀၀)
၇။	ရောင်းချမည့်နည်းစနစ်	- ပြည်တွင်းတွင် ၄၄%နှင့် ပြည်ပသို့ ၅၆% တင်ပို့ရောင်းချမည် ဖြစ်ပါသည်။

ထုတ်လုပ်မှုနှင့်ရောင်းချမှု (၆နှစ်မြောက်)	ပြည်ပ (၅၆%)		ပြည်တွင်း(၄၄%)	
	အရေအတွက် (Ton)	**ရောင်းဈေး (US$/Ton)**	**အရေအတွက် (Ton)**	**ရောင်းဈေး (ကျပ်/Ton)**
Plastic Shopping Bag	၁၃၆,၂၂၀	၁,၅၀၀	၁၀၇,၀၃၀	၁,၈၀၀,၀၀၀

၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)	- ကျပ် ၄၃၇,၈၅၁.၈၀ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ်(ဆဋ္ဌမနှစ်)	ကျပ် ၄၃၃,၄၈၆.၃၈ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ်(ဆဋ္ဌမနှစ်)	ကျပ် ၄,၃၆၅.၄၂ သန်း

၉။	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (၆ နှစ်မြောက်)	
	ဝင်ငွေခွန်	- ကျပ် ၁,၄၅၅.၁၄ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၉,၁၇၄.၀၄ သန်း (အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၂၀၀ နှုန်း ဖြင့်တွက်ချက်ထားပါသည်)
	အရင်းကြေကာလ	- ၅ နှစ် ၁၀ လ
	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၁၆ %
၁၀။	နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်	- ၃၀,၀၀၀,၀၀၀ kWh
၁၁။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၂% ကို Corporate Social Responsibility အဖြစ် သုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၂။	မီးဘေးကာကွယ်ရေးအစီအစဉ်	- ရေဂါလံ ၁၀၀,၀၀၀ ဆန့် ရေလှောင်ကန်ကြီးများကို မီးလောင်မှုမှ ကာကွယ်ရန် သံကူ၊ ကွန်ကရစ်ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ ရေပုံး၊ မီးကပ်၊ မီးချိတ်၊ သဲအိတ်နှင့် မီးသတ်ဆေးဗူးများ ထားရှိမည် ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အတွင်း မီးဘေး အန္တရာယ် တားဆီးကာကွယ်ရန် စည်းကမ်းချက်များ ထားရှိမည်ဖြစ်ပြီး ဝန်ထမ်းများအားလည်း စည်းကမ်း လိုက်နာစေမည်ဖြစ်ကြောင်း၊ မီးသတ်နည်းပညာများ၊ ကာကွယ်နည်းများကို လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်းနှင့် လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ် သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၃။	ငွေကြေးအထောက်အထား	- ငွေကြေး အထောက်အထားအဖြစ် သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် အမည်ဖြင့် မြန်မာ့စီးပွားရေး ဘဏ်တွင် (၂၇-၁-၂၀၁၆)နေ့တွင် ကျပ် ၁၇,၆၄၉,၅၄၉.၃၆နှင့် ဧရာဝတီဘဏ်တွင် ဦးအောင်မြတ် အမည်ဖြင့် ၂၉-၂-၂၀၁၆ နေ့အထိ ကျပ် ၃၀,၀၀၉,၉၉၀ ရှိကြောင်း တင်ပြ ထားပါသည်။
၁၄။	အခြား	- သစ်လွင်အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ ကုမ္ပဏီ မှတ်ပုံတင် လက်မှတ်အမှတ်၁၁၈၈/၂၀၁၀-၂၀၁၁၊ ဒါရိုက်တာစာရင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ နိုင်ငံသား စိစစ်ရေး ကတ်ပြား မိတ္တူများကို တင်ပြထားပါသည်။ - သစ်လွင် အထွေထွေ စက်မှု လုပ်ငန်း ကုမ္ပဏီလီမိတက် ၏ ၂၀၁၅ မတ်လအထိ စာရင်းစစ် အစီရင်ခံစာ တင်ပြထားပါသည်။
၁၅။	စိစစ်တင်ပြချက်	- အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၏ တည်နေရာပြမြေစာရင်းမြေပုံနှင့် သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းမည့် အဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်းကိရိယာ စာရင်းများအားတင်ပြထားပါသည်။

- **ပစ္စည်းဝယ်ယူ ရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရ ကော်မတီ**၏ ၆/၂၀၁၂-၂၀၁၃ (၈-၆-၂၀၁၂)၏ ခွင့်ပြုချက်ပြ ၂၀-၆-၂၀၁၂ ရက်စွဲဖြင့် ချုပ်ဆိုထားသော အမှတ်(ပလတ်စတစ် စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း စက်ရုံခွဲ (မှော်ဘီ) တို့အား **၁-၇-၂၀၁၂** ရက်နေ့မှ စတင် Mother Trading Co., Ltd. သို့ ငှားရမ်းသည့် သဘော စာချုပ်အား တင်ပြ ထားပြီး ငှားရမ်း သက်တမ်းမှာ ၁၅ နှ ဖြစ်ပါသည်။
- ၁၉-၁၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှ ဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေး ဆိုင်ရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၃-၂၀၁၄) နှင့် **၂၀-၂-၂၀၁၄** ရက်နေ့တွင် ကျင်းပပြုလုပ်သော **ပြည်ထောင်စု အစိုးရ အဖွဲ့ အစည်းအဝေး အမှတ်စဉ် ၄/၂၀၁၄** တို့မှ မူလ ငှားရမ်း သက်တမ်း ၁၅ နှစ်မှ **ကနဦး ၂၅ နှစ်နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်** တိုးမြှင့် ငှားရမ်းခွင့် ပြုခဲ့ပြီး ဆေးဝါး နှင့် စားသောက်ကုန်လုပ်ငန်းနှင့် Mother Trading Co., Ltd. တို့သည် **၁၆-၇-၂၀၁၄** ရက်နေ့တွင် ပြင်ဆင်ချက် သဘောတူ စာချုပ်အား လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။ ငှားရမ်း သက်တမ်းနှင့် ငှားရမ်းခတိုးမြှင့်လိုခြင်းတို့ကြောင့် မူလ စာချုပ် ကိုပြင်ဆင်သည့် စာချုပ်ချုပ်ဆိုရခြင်း ဖြစ်ကြောင်း ဖော်ပြ ထားပါသည်။
- **၇-၅-၂၀၁၅** ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှု ဝန်ကြီး ဌာန၊ ပစ္စည်းဝယ်ယူ ရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၅-၂၀၁၆) မှ Mother Trading Co., Ltd. အစား New General Industry Co., Ltd. အမည်သို့ ပြောင်းလဲ ဆောင်ရွက်ခွင့် ပြုခဲ့ပြီး ယခုအခါ ငှားရမ်းသက်တမ်း အား ၅၀+၁၀+၁၀ နှစ် ဖြင့်လုပ်ကိုင် ဆောင်ရွက်လိုခြင်းတို့ကြောင့် ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ် (မူကြမ်း)ထပ်မံ ချုပ်ဆိုရခြင်း ဖြစ်ပါသည်။ ၎င်းဒုတိယ အကြိမ် ပြင်ဆင်ရာတွင် အမှတ်(၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ) စသည်ဖြင့် တည်နေရာ တစ်ခုချင်းအလိုက် ချုပ်ဆိုမည်ဖြစ်ပြီးသဘောတူစာချုပ်(မူကြမ်း)အားပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင် တင်ပြ ထားပါ သည်။
- အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)နှင့်စက်ရုံခွဲ(မရမ်းကုန်း)၊ စက်ရုံခွဲ(မှော်ဘီ)တို့အား ငှားရမ်းသည့်ပြင်ဆင်ချက် သဘောတူ စာချုပ်နှင့်အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)အား ငှားရမ်း သည့် သဘောတူ စာချုပ်များတွင် တစ်နှစ် ငှားရမ်း ခ၏ ၁၀% နှင့် ညီမျှသော တန်ဖိုးအား လုပ်ငန်းဆောင်ရွက်မှု အာမခံ စပေါ်ငွေ(Performance Bank Guarantee) အဖြစ် ဆေးဝါးနှင့် စားသောက်ကုန် လုပ်ငန်း ငွေထုတ်စာရင်းသို့ ပေးသွင်း ထားရမည် ဖြစ်ကြောင်း ဖော်ပြ ထားပါသည်။

			- စက်မှုဝန်ကြီးဌာနမှ BOT စနစ်ဖြင့် ဆောင်ရွက်ခြင်းအပေါ် ပြည်ထောင်စု ရှေ့နေချုပ် ရုံးမှ BOT စနစ်အတွက် လိုအပ်သော အချက်အလက်များနှင့် ပြည့်စုံ ကိုက်ညီမှု ရှိရန် လိုအပ်မည် ဖြစ်ကြောင်း မှတ်ချက်ပြုထားပါသည်။ အဆိုပါ အချက်အားကော်မရှင်မှမေးမြန်းရာ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထပ်မံ တပ်ဆင်မည့် စက်ပစ္စည်းများအတွက် သက်တမ်း ကုန်ဆုံးပါက ပြန်လည်လွှဲပြောင်းရာတွင် ပါဝင်နိုင်ရန် ဖြစ်ကြောင်း ဖြေကြား ပါသည်။ - ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၄ (၂၀-၂-၂၀၁၄) မှ ကနဦး ၂၅ နှစ်နှင့် သက်တမ်းတိုး ၅နှစ် ၂ ကြိမ် ခွင့်ပြုခဲ့ခြင်းကို ကော်မရှင်မှ ခွင့်ပြု ပါက လုပ်ငန်းသက်တမ်းမှာ ၁-၇-၂၀၁၂ ရက်နေ့မှစတင်၍ ၃၀-၆-၂၀၃၇ အထိ ၂၅ နှစ် ဖြစ်ပါသည်။ ၂၅ နှစ် သက်တမ်း ကုန်ဆုံး ခါနီးတွင် အဆိုပြုတင်ပြသည့် ၅၀ နှစ် အတွက် ထပ်မံ သက်တမ်းတိုးခွင့်အား စက်မှုဝန်ကြီးဌာနမှ တင်ပြနိုင်ကြောင်း စိစစ်ရပါသည်။ - အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ) တို့အား ငှားရမ်းသည့် မူလသဘောတူစာချုပ်၊ ပြင်ဆင်ချက် သဘောတူစာချုပ် နှင့် အမှတ် (၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်)အား ငှားရမ်းသည့် သဘောတူ စာချုပ်များ တွင် စက်ရုံအမည်နှင့် တည်နေရာအား အမှတ် ၁၀၅/၁၁၁၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုလည်းကောင်း၊ မြေဧက ၉.၈၃ ဧက ဟု လည်းကောင်း ဖော်ပြထားပါသည်။ ဆောက်လုပ် ရေး ဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းထားသည့် မြေတည်နေရာ မှာ အမှတ် ၁၀၅ အေ+ ၁၀၅ မှ ၁၁၁+၁၂၁ မှ ၁၃၂ ထိ ဖြစ်ပြီး မြေ ဧရိယာမှာ ၈.၄၅ ဧက ဖြစ်ပါသဖြင့် စက်မှုဝန်ကြီး ဌာနမှ တည်နေရာဖော်ပြချက်နှင့် ကွဲလွဲနေကြောင်း စိစစ် တွေ့ရှိရပါသည်။ - စာချုပ်များ၏ နောက်ဆက်တွဲ (ခ) အမှတ် (၁) ပလတ်စတစ စက်ရုံ (ရန်ကုန်)၏ အဆောက်အဦများစာရင်းတွင် မှတ်ချက်ပါဇယား၌ "စက်ရုံ၏ အကျယ်အဝန်း ၈.၄၅၆ ဧကတွင် ပင်မစက်ရုံ၏ မြေဧရိယာ၊ သက်သာအရောင်းဆိုင်ခန်းများနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၃ လုံး ၏ မြေဧရိယာ စုစုပေါင်းမှာ ၇.၇ ဧက ဖြစ်ပြီး ရတနာသိင်္ဂီကုမ္ပဏီသို့ နှစ်ရှည်ငှားရမ်းထားသည့် အအေးခန်းစက်ရုံ၏ မြေဧရိယာ ၀.၇၅၆ ဧက ပါဝင်ကြောင်း" ဖော်ပြထားပါသဖြင့် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ငှားရမ်း သည့် မြေဧရိယာတွင် ရတနာသိင်္ဂီကုမ္ပဏီသို့ ငှားရမ်းသည့် မြေဧရိယာ ၀.၇၅၆ ဧက ပါဝင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

		- သစ်လွှင်အထွေထွေ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွက်အမှုပိတ်ထားပါကြောင်း ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးမှ အခွန်တောင်းခံလွှာ အား တင်ပြထားပါသည်။ - လုပ်ငန်းခွင်သာယာရေး၊ အလုပ်သမားများ သက်သာချောင်ချိရေး အစီအစဉ် ၊ မီးဘေး ကာကွယ်ရေး အတွက် ဆောင်ရွက်ထားရှိမှု အစီအစဉ်များ၊ ဝန်ထမ်း၏ လစာနှင့် ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ထားသော လစာဝင်ငွေခွန် ဥပဒေအတိုင်း ဝင်ငွေခွန် ပေးသွင်းမည် ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ထားရှိမှု အစီအစဉ်များကိုလည်း တင်ပြထားပါသည်။

ကုမ္ပဏီအမည်	- သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်
အဖွဲ့အစည်းပုံသဏ္ဌာန်	- မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	- နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
တည်နေရာ	- စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါး လုပ်ငန်းပိုင် အမှတ် (၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်)၊ ၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ ထိ၊ သုခမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၃၃,၀၀၀.၀၀ သန်း (US$ ၅.၄၆ သန်းအပါအဝင်)
ရောင်းချမည့်စနစ်	- ပြည်ပ ၅၆% နှင့် ပြည်တွင်း ၄၄% ရောင်းချမည် ဖြစ်ပါသည်။
လုပ်ငန်းသက်တမ်း	- ကနဦး ၅၀ နှစ်၊ သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်
အရင်းကြေကာလ	- ၅ နှစ် ၁၀ လ
IRR	- ၁၆%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ	၂.၁၆(တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	၁.၁၇
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၃၅၇.၇၄	-
၄	ဝင်ငွေခွန်	၇၁၁၃.၇၅	၈,၁၀၃.၁၇
၅	ကုန်သွယ်လုပ်ငန်းခွန်	-	၄၉,၇၆၄.၂၆
၆	လျှပ်စစ်မီးသုံးစွဲခ	-	၅၆.၄၁၂
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	တစ်နှစ်ဝင်ငွေကျပ်သိန်း နှစ်ဆယ် ထက်ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း(၃၂)ဦး
၈	CSR (၂%)	-	၄၈၇.၁၉
၉	မြေငှားရမ်းခရငွေ	-	၉၁၈.၀၀
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ဝန်ထမ်း (၁၄၀) ဦး အလုပ်အကိုင် ရရှိမည် ဖြစ်ပါသည်။
	စုစုပေါင်း	ကျပ် ၇,၄၇၃.၆၅ သန်း	ကျပ် ၅၉,၃၃၀.၂၀၃ သန်း
	Cost : Benefit	၁ : ၈	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၃/မ-၁၃၂၀/၂၀၁၆(၃၃၈)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၃ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်မှ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါး လုပ်ငန်းပိုင် အမှတ် (၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်)တွင် နိုင်ငံတကာ အဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြလာခြင်း ကိစ္စ**

၁။ သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါး လုပ်ငန်းပိုင် အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၊ အမှတ် ၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ ထိ၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်ရင်းနှီးမြှုပ်နှံသူဦးအောင်မြတ်(အဘ-ဦးသိန်းမြင့်) မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ BOT စနစ်ဖြင့် ဆောင်ရွက်ခွင့် ပြုပါရန် စက်မှု ဝန်ကြီး ဌာနမှတဆင့် အဆိုပြု တင်ပြလာပါသည်။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်အား တင်ပြထားပါသည်။

၂။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုသက်တမ်းမှာ ကနဦး ၅၀ နှစ်နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ ၁နှစ် ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။ မြေနှင့် အဆောက်အဦ ငှားရမ်းသက်တမ်းမှာ ကနဦး နှစ် ၅၀ နှင့် သက်တမ်းတိုး ၁၀နှစ် ၂ ကြိမ် ဖြစ်သော်လည်း ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုပြီးဖြစ်ပါ၍ လက်ကျန် သက်တမ်း ၄၆ နှစ် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် ပင်မစက်ရုံ ၈.၄၅ ဧကနှင့် ဝန်ထမ်း အိမ်ရာ ၁.၃၈ ဧက အပါအဝင် စုစုပေါင်း မြေဧရိယာ ၉.၈၃ ဧက (၃၉,၇၈၀. ၆၃၃၈ စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများ၊ စက်ပစ္စည်းများ အပါအဝင် နှစ်စဉ် ငှားရမ်းခ တစ်နှစ်လျှင် ကျပ် ၁၈၃.၆၀၀ သန်း ဖြစ်ပါသည်။

၃။ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၃၃,၀၀၀.၀၀ သန်း (US$ ၅.၄၆ သန်း အပါအဝင်) ဖြစ်ပြီး အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု အခြေ အနေ မှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

		ကျပ်(သန်း)
(က)	ငွေသား	၃၈၁.၀၄
(ခ)	စက်ပစ္စည်းကိရိယာများ (ပြည်ပ)	၆,၅၅၅.၆၀ (US$ ၅.၄၆ သန်း)
(ဂ)	အဆောက်အဦတန်ဖိုး	၂၅,၈၇၉.၇၆
(ဃ)	မြေငှားရမ်းခ	၁၈၃.၆၀
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**၃၃,၀၀၀.၀၀(US$ ၅.၄၆ သန်းအပါအဝင်)**

၄။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း ၁၄၀ ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၀၈,၀၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိသော ပလတ်စတစ်အိတ်များကို ပြည်ပသို့ ၅၆% နှင့် ပြည်တွင်း၌ ၄၄% ရောင်းချမည် ဖြစ်ပါသည်။ Plastic Shopping Bag များအား ပြည်တွင်း၌ Triple A နှင့် Ever Green အမှတ်တံဆိပ်များဖြင့် ထုတ်လုပ် ရောင်းချမည် ဖြစ်ပြီး ပြည်ပသို့ Pro အမှတ်တံဆိပ်ဖြင့် တင်ပို့ ရောင်းချမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ ပုံမှန်နှစ်(၆-နှစ်မြောက်) တွင် ထုတ်လုပ်နိုင်မှုနှင့် ရောင်းချမည့် ဈေးနှုန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

အမျိုးအမည်	**ပြည်ပ (၅၆%)**		**ပြည်တွင်း(၄၄%)**	
	အရေအတွက် (Ton)	**ရောင်းဈေး (US$/Ton)**	**အရေအတွက် (Ton)**	**ရောင်းဈေး (ကျပ်/Ton)**
Plastic Shopping Bag	၁၃၆,၂၂၀	၁,၅၀၀	၁၀၇,၀၃၀	၁,၈၀၀,၀၀၀

၆။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီမှ ပုံမှန်နှစ် (၆နှစ်မြောက်)တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		ကျပ်(သန်း)
(က)	ဝင်ငွေ	၄၃၇,၈၅၁.၈၀
(ခ)	အသုံးစရိတ်	၄၃၃,၄၈၆.၃၈
(ဂ)	အသားတင်အမြတ်	၄,၃၆၅.၄၂

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၁,၄၅၅.၁၄ သန်းနှင့် ကုန်သွယ် လုပ်ငန်းခွန်မှာ ကျပ် ၉,၁၇၄.၀၄ သန်း ရရှိမည်ဖြစ်ပါသည်။ အဆိုပြု လုပ်ငန်း၏ အရင်းကြေကာလမှာ ၅ နှစ် ၁၀ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)မှာ ၁၆% ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁,၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက် ထားပါသည်။

၈။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့သို့ သဘောထား တောင်းခံခဲ့ရာ တစ်ဖက်ပါအတိုင်း သဘောထား ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၅/၂၀၁၆၊ ဆုံးဖြတ်ချက်အပိုဒ် ၁၀၁ အရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့် ပါကြောင်း ထောက်ခံတင်ပြထားပါသည်။ **(နောက်ဆက်တွဲ-က)**

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့**မှအဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ပါအချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြား ထားပါသည်-

(၁) အဆိုပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင် လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန် အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကိုပြည့်စုံစွာဖော်ပြပြီးလုပ်ငန်း ဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေး အကျိုးပြုလုပ်ငန်းများ (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ ၂% အား အသုံးပြုခြင်းတို့ အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးတို့အတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) ကို ရေးဆွဲပြီး အစီရင်ခံစာ ပြုစုတင်ပြရန်နှင့် ဝန်ကြီးဌာနမှလိုအပ်ပါက ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)ကို ဆောင်ရွက်ရန်။

(၃) အထက်ပါ လေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် ၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်/ အစိုင်အခဲ စီမံခန့်ခွဲမှု အစီအစဉ် စောင့်ကြည့် လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) ကို ရေးဆွဲ တင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၄) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(သစ်လွင်အထွေထွေ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ တတိယ အဖွဲ့ အစည်း ဖြစ်သည့် NeoTech Myanmar Co., Ltd. သို့ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာ ရေးဆွဲရန်အတွက် အလုပ်အပ်နှံထားပါကြောင်းတင်ပြ ထားပါသည်။) (နောက်ဆက်တွဲ-ခ)

(ဂ) **စက်မှုဝန်ကြီးဌာန**မှ လျှပ်စစ်သွယ်တန်း အသုံးပြုမှုများကို လျှပ်စစ်ဥပဒေ နှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မီးဘေးအန္တရာယ် ကင်းဝေး စေရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာ ဌာန များ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပုဂ္ဂလိက စက်မှု လုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် ဆောင်ရွက်ရန် လိုအပ်ကြောင်း သဘော ထား ပြန်ကြားထားပါသည်။ **(ကုမ္ပဏီမှ သဘောထား မှတ်ချက် နှင့်အညီ ဆောင်ရွက် မည် ဖြစ်ကြောင်းတင်ပြထားပါသည်။) (နောက်ဆက်တွဲ-ဂ)**

၉။ ငွေကြေး အထောက်အထားအဖြစ် သစ်လွင် အထွေထွေ စက်မှု လုပ်ငန်း ကုမ္ပဏီလီမိတက် အမည်ဖြင့် မြန်မာ့စီးပွားရေး ဘဏ် တွင် (၂၇-၁-၂၀၁၆)နေ့တွင် ကျပ် ၁၇,၆၄၉,၅၄၉.၃၆နှင့် ဧရာဝတီ ဘဏ်တွင် ဦးအောင်မြတ် အမည်ဖြင့် ၂၉-၂-၂၀၁၆ နေ့အထိ ကျပ် ၃၀,၀၀၉,၉၉၀ ရှိကြောင်း တင်ပြ ထားပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းထားသည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ရေဂါလံ ၁၀၀,၀၀၀ ဆန့် ရေလှောင် ကန် ကြီးများကို မီးလောင်မှုမှ ကာကွယ်ရန် သံကူ ကွန်ကရစ်ဖြင့် တည်ဆောက်မည် ဖြစ်ကြောင်း၊ ရေပုံး၊ မီးကပ်၊ မီးချိတ်၊ သဲအိတ်နှင့် မီးသတ် ဆေးဗူး များ ထားရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင် အတွင်း မီးဘေးအန္တရာယ်တားဆီးကာကွယ်ရန် စည်းကမ်း ချက်များ ထားရှိမည်ဖြစ်ပြီး ဝန်ထမ်းများ အား စည်းကမ်း လိုက်နာစေမည် ဖြစ်ကြောင်း၊ မီးသတ်နည်းပညာများ၊ ကာကွယ်နည်းများကို လေ့ကျင့် သင်ကြားပေးမည် ဖြစ်ကြောင်းနှင့် လျှပ်စစ် အန္တရာယ်များ မဖြစ်ပေါ်အောင် ကြိုတင် ကာကွယ် သွားမည်ဖြစ်ကြောင်း၊ စက်မှု ဝန်ကြီးဌာနသို့ ပေးသွင်းရမည့် မြေငှားရမ်းခများကို တိကျ မှန်ကန်စွာ ပေးသွင်းခြင်း၊ ပေးသွင်းရမည့် အခွန်အခများကို မှန်ကန်စွာ ပေးဆောင်မည် ဖြစ်ကြောင်း ဝန်ခံ ကတိပြု တင်ပြထား ပါသည်။

၁၁။ ဝန်ထမ်းသက်သာ ချောင်ချိရေး အတွက် ပင်စင်ခံစားခွင့်အထိ အကျိုးဝင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းချိန်အတွင်း ဝန်ထမ်းများအား ကျန်းမာရေးနှင့် ကိုက်ညီ သည့် အဟာရပြည့် အစားအစာများကို လုပ်ငန်းချိန်အလိုက် ကျွေးမွေးမည် ဖြစ်ကြောင်း၊ အုပ်ချုပ် မှုပိုင်း တာဝန်ယူ ဆောင်ရွက်နိုင်ရန် အလားအလာရှိသူများအား အဆင့်မြင့်ပညာ ဆက်လက်

ဆည်းပူးနိုင်ရန် အထောက်အပံ့များဖြင့် လေ့ကျင့်မွေးထုတ်ပေးရန် အစီအစဉ်များ ရှိပါကြောင်း တင်ပြထားပါသည်။

၁၂။ လုပ်ငန်းဆောင်ရွက်ရာတွင် လျှပ်စစ်ဓါတ်အားကို မဟာဓါတ်အားလိုင်းမှ ရယူသုံးစွဲမည်ဖြစ်ပြီး မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား မရရှိသည့်အချိန်တွင် ကိုယ်ပိုင်ဂျင်နရေတာများဖြင့် ကုန်ထုတ်လုပ်မှု စဉ်ဆက်မပြတ်စေရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကုမ္ပဏီမှ တင်ပြ ထားပါသည်။

၁၃။ ကုမ္ပဏီမှ နှစ်စဉ် အသားတင်အမြတ်၏ ၂%ကို လူမှုအကျိုးပြုလုပ်ငန်း (Corporate Social Responsibility -CSR) အတွက် အသုံးပြုမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၄။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပသော (၃/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၅။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)၊ ပုဒ်မ၂၀(က၊ ဂ၊ ဃ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ) အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါမည်။

၁၆။ **စိစစ်တင်ပြချက်**

(က) **ပစ္စည်းဝယ်ယူ ရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ**၏ ၆/၂၀၁၂-၂၀၁၃ (၈-၆-၂၀၁၂)၏ခွင့်ပြုချက်အရ ၂၀-၆-၂၀၁၂ ရက်စွဲဖြင့် ချုပ်ဆိုထားသော အမှတ်(၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ) တို့အား **၁-၇-၂၀၁၂ ရက်နေ့မှ စတင်၍** Mother Trading Co., Ltd. သို့ ငှားရမ်းသည့် သဘောတူ စာချုပ်အား တင်ပြ ထားပြီး ငှားရမ်း သက်တမ်းမှာ ၁၅ နှစ် ဖြစ်ပါသည်။

(ခ) ၁၉-၁၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ ပစ္စည်း ဝယ်ယူ ရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၃-၂၀၁၄) နှင့် **၂၀-၂-၂၀၁၄** ရက်နေ့တွင် ကျင်းပပြုလုပ်သော **ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၄/၂၀၁၄** တို့မှ မူလ ငှားရမ်း သက်တမ်း ၁၅ နှစ်မှ **ကနဦး ၂၅ နှစ်နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်** တိုးမြှင့် ငှားရမ်းခွင့် ပြုခဲ့ပြီး ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းနှင့် Mother Trading Co., Ltd. တို့သည် **၁၆-၇-၂၀၁၄** ရက်နေ့တွင် ပြင်ဆင်ချက် သဘောတူစာချုပ်အား လက်မှတ်ရေးထိုး ချုပ်ဆို ခဲ့ပါသည်။ ငှားရမ်းသက်တမ်းနှင့် ငှားရမ်းခ တိုးမြှင့်လိုခြင်းတို့ကြောင့် မူလ စာချုပ်ကို ပြင်ဆင်သည့် စာချုပ်ချုပ်ဆိုရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **၇-၅-၂၀၁၅** ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ ပစ္စည်း ဝယ်ယူ ရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၅-၂၀၁၆) မှ Mother Trading Co., Ltd. အစား New General Industry

Co., Ltd. အမည်သို့ ပြောင်းလဲဆောင်ရွက်ခွင့် ပြုခဲ့ပြီး ယခုအခါ ငှားရမ်းသက်တမ်းအား ၅၀+၁၀+၁၀ နှစ် ဖြင့်လုပ်ကိုင် ဆောင်ရွက်လိုခြင်းတို့ကြောင့် ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ် (မူကြမ်း)ထပ်မံ ချုပ်ဆိုရခြင်းဖြစ်ပါသည်။ ၎င်းဒုတိယအကြိမ် ပြင်ဆင်ရာတွင် အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ) စသည်ဖြင့် တည်နေရာ တစ်ခုချင်းအလိုက် ချုပ်ဆိုမည်ဖြစ်ပြီး သဘောတူစာချုပ်(မူကြမ်း)အား ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြထားပါ သည်။

(ဃ) အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ) တို့အား ငှားရမ်းသည့်ပြင်ဆင်ချက် သဘောတူစာချုပ် နှင့် အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)အား ငှားရမ်းသည့် သဘောတူ စာချုပ်များတွင် တစ်နှစ် ငှားရမ်းခ၏ ၁၀%နှင့်ညီမျှသောတန်ဖိုးအားလုပ်ငန်းဆောင်ရွက်မှုအာမခံစပေါ်ငွေ(Performance Bank Guarantee) အဖြစ် ဆေးဝါးနှင့် စားသောက်ကုန် လုပ်ငန်း ငွေထုတ်စာရင်းသို့ ပေးသွင်းထားရမည့် ဖြစ်ကြောင်း ဖော်ပြ ထားပါ သည်။

(င) မူလစာချုပ်ချုပ်ဆိုသည့် ၁-၇-၂၀၁၂ ရက်နေ့မှ စတင်၍ ၃၀-၆-၂၀၆၂ အထိ ကနဦး ၅၀ နှစ်နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ငှားရမ်းခြင်း ဖြစ်ပြီး လက်ကျန် သက်တမ်းမှာ ၄၆ နှစ် ဖြစ်ပါသည်။

(စ) BOT စနစ်ဖြင့် ဆောင်ရွက်ခြင်းအပေါ် ပြည်ထောင်စု ရှေ့နေချုပ် ရုံးမှ BOT စနစ်အတွက် လိုအပ်သော အချက်အလက်များနှင့် ပြည့်စုံ ကိုက်ညီမှု ရှိရန် လိုအပ်မည်ဖြစ်ကြောင်းမှတ်ချက်ပြုထားပါသည်။ အဆိုပါအချက်အား ကော်မရှင်မှ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းသို့ မေးမြန်းရာ ထပ်မံတပ်ဆင်မည့် စက်ပစ္စည်းများအတွက် သက်တမ်း ကုန်ဆုံးပါက ပြန်လည်လွှဲပြောင်းရာတွင်ပါဝင်နိုင်ရန် ဖြစ်ကြောင်း ဖြေကြားပါသည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၄ (၂၀-၂-၂၀၁၄) မှ ကနဦး ၂၅ နှစ်နှင့် သက်တမ်းတိုး ၅နှစ် ၂ ကြိမ် ခွင့်ပြုခဲ့ခြင်းကို ကော်မရှင်မှ ခွင့်ပြုပါက လုပ်ငန်းသက်တမ်းမှာ ၁-၇-၂၀၁၂ ရက်နေ့မှစတင်၍ ၃၀-၆-၂၀၃၇ အထိ ၂၅ နှစ် ဖြစ်ပါသည်။ ၂၅ နှစ် သက်တမ်း ကုန်ဆုံးခါနီးတွင် အဆိုပြုတင်ပြသည့် ၅၀ နှစ်အတွက် ထပ်မံသက်တမ်းတိုးခွင့်အား စက်မှုဝန်ကြီးဌာနမှ တင်ပြနိုင်ကြောင်း စိစစ်ရပါသည်။

(ဇ) အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ) တို့အား ငှားရမ်းသည့် မူလသဘောတူစာချုပ်၊ ပြင်ဆင်ချက် သဘောဘူစာချုပ် နှင့် အမှတ် (၁) ပလတ်စတစ် စက်ရုံ (ရန်ကုန်)အား ငှားရမ်းသည့် သဘောတူ စာချုပ်များ

တွင် စက်ရုံအမည်နှင့် တည်နေရာအား အမှတ် ၁၀၅/၁၁၁၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု လည်းကောင်း၊ မြေ ဧက ၉.၈၃ ဧက ဟုလည်းကောင်း ဖော်ပြထားပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းထားသည့် မြေတည်နေရာမှာ အမှတ် ၁၀၅ အေ+ ၁၀၅ မှ ၁၁၁+၁၂၁ မှ ၁၃၂ ထိ ဖြစ်ပြီး မြေ ဧရိယာမှာ ၈.၄၅ ဧက ဖြစ်ပါသဖြင့် စက်မှုဝန်ကြီး ဌာနမှ တည်နေရာဖော်ပြချက်နှင့် ကွဲလွဲနေကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဈ) စာချုပ်များ၏ နောက်ဆက်တွဲ (ခ) အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၏ အဆောက်အဦများစာရင်းတွင် မှတ်ချက်ပါ ဇယား၌ "စက်ရုံ၏ အကျယ်အဝန်း ၈.၄၅၆ ဧကတွင် ပင်မစက်ရုံ၏ မြေဧရိယာ၊ သက်သာအရောင်းဆိုင်ခန်းများနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၃ လုံး ၏ မြေဧရိယာ စုစုပေါင်းမှာ ၇.၇ ဧက ဖြစ်ပြီး ရတနာသိဂီကုမ္ပဏီသို့ နှစ်ရှည်ငှားရမ်းထားသည့် အအေးခန်းစက်ရုံ၏ မြေဧရိယာ ၀.၇၅၆ ဧက ပါဝင်ကြောင်း" ဖော်ပြထားပါသဖြင့် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ငှားရမ်းသည့် မြေဧရိယာတွင် ရတနာသိဂီကုမ္ပဏီသို့ ငှားရမ်းသည့် မြေဧရိယာ ၀.၇၅၆ ဧက ပါဝင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

(ည) သစ်လွင်အထွေထွေ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက်အမှုပိတ်ထားပါကြောင်း ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးမှ အခွန်တောင်းခံလွှာအား တင်ပြထားပါသည်။

(ဋ) Plastic Shopping Bag များ၏ ထုတ်လုပ်ပုံ နည်းစဉ် အဆင့်ဆင့်နှင့် ထုတ်လုပ်မှု Process Flow Chart များအား တင်ပြထားပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါး လုပ်ငန်းပိုင် အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)၊ အမှတ် ၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ ထိ၊ သုဓမ္မာ လမ်း၊ မြောက်ဥက္ကလာ ပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် စက်ရုံမြေအား ငှားရမ်းဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စများ (သစ်လွင်အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်)

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)

စဉ်	အကြောင်းအရာ	မူလစာချုပ် အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ)	အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်) နှင့် စက်ရုံခွဲ (မရမ်းကုန်း)၊ စက်ရုံခွဲ (မှော်ဘီ)တို့အား ငှားရမ်းသည့် ပြင်ဆင်ချက် သဘောတူ စာချုပ်	အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်) အား ငှားရမ်းသည့် သဘောတူစာချုပ်
၁	လုပ်ငန်းသက်တမ်း	၁၅ နှစ်	၂၅ နှစ်	၅၀ နှစ်
၂	ငှားရမ်းသက်တမ်း	- ၁-၇-၂၀၁၂ မှ ၃၀-၆-၂၀၂၇ - (၁၅)နှစ်	- ၁-၇-၂၀၁၂ မှ ၃၀-၆-၂၀၃၇ - ၂၅ နှစ် (၁၅ + ၅ + ၅)	- ၁-၇-၂၀၁၂ မှ ၃၀-၆-၂၀၆၂ - ၅၀ နှစ် (၃၀+၁၀+၁၀)
၃	စတင်ငှားရမ်းသည့်နေ့	- ၁-၇-၂၀၁၂	- ၁-၇-၂၀၁၂	- ၁-၇-၂၀၁၂
၄	ငှားရမ်းခပထမနှစ်	- ကျပ် ၁၈၀.၀၀ သန်း	- ကျပ် ၁၈၃.၆၀ သန်း	- ကျပ် ၁၈၃.၆၀ သန်း
၅	ငှားရမ်းဧက	- ၉.၁၈ ဧက	- ၉.၈၃ ဧက	- ၉.၈၃ ဧက
၆	PBG	-	၁ နှစ် ငှားရမ်းခ၏ ၁၀% နှင့် ညီမျှသော တန်ဖိုး	၁ နှစ် ငှားရမ်းခ၏ ၁၀% နှင့် ညီမျှသော တန်ဖိုး
၇	ဝန်ထမ်းအရေအတွက်	- ၃၇၅ ဦး	-	-
၈	အဆောက်အဦ	- ပင်မအလုပ်ရုံ ၄ ရုံ အပါအဝင် အဆောက်အဦ ၈၄ လုံး	ပင်မအလုပ်ရုံ ၄ ရုံ အပါအဝင် အဆောက်အဦ ၈၄ လုံး	ပင်မအလုပ်ရုံ ၄ ရုံ အပါအဝင် အဆောက်အဦ ၈၄ လုံး
၉	ရင်းနှီးပမာဏ	-	-	ကျပ် ၃၃,၀၀၀ သန်း
၁၀	စာချုပ်လက်မှတ်ထိုး သည့်နေ့	- ၂၀-၆-၂၀၁၂	- ၁၆-၇-၂၀၁၄	-

၁၁	စာချုပ်ပြင်ဆင်ရသည့် အကြောင်းအရင်း	-	- မူလသက်တမ်း ၁၅ နှစ်မှ ၂၅ နှစ် သက်တမ်းနှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် တိုးမြှင့်ငှားရမ်းလိုခြင်းနှင့် ငှားရမ်းခ တိုးမြှင့် ဆောင်ရွက်လိုခြင်း တို့ကြောင့် ဖြစ်ပါသည်။	- ကုမ္ပဏီ အမည်ပြင်ဆင်ခြင်းနှင့် ငှားရမ်းသက်တမ်း တိုးမြှင့် ပြင်ဆင် လိုခြင်းတို့ကြောင့် ဖြစ်ပါသည်။
၁၂	Cabinet အကြိမ်/နေ့စွဲ	-	၄/၂၀၁၄ (၂၀-၂-၂၀၁၄) (စက်ရုံ ၃ ရုံအတွက် အစိုးရအဖွဲ့မှ ခွင့်ပြုခြင်း ဖြစ်ပါသည်။)	-
၁၃	EC	၆/၂၀၁၂-၂၀၁၃ (၈-၆-၂၀၁၂)	၁၉/၂၀၁၃-၂၀၁၄ (၁၉-၁၂-၂၀၁၄)	၃/၂၀၁၅-၂၀၁၆ (၇-၅-၂၀၁၅) (ကုမ္ပဏီအမည် ပြောင်းလဲ ဆောင်ရွက်ခြင်း)
၁၄	ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်			အငှားချထားသည့် မြေပေါ်တွင် အဆောက်အဦ၊ စက်ရုံအသစ် ထပ်မံ ဆောက်လုပ်ပါက မည်သို့ ဆောင်ရွက် ရမည် ဆိုသည့် စည်းကမ်းချက် တစ်စုံ တစ်ရာ ဖော်ပြပါရှိခြင်း မရှိသည့် အတွက် ဌာနမှ ပြန်လည် စိစစ်ရန်၊ B.O.T စနစ်ဖြင့် ဆောင်ရွက်မည် ဆိုပါက ယင်းစနစ်အတွက် လိုအပ် သော အချက်အလက်များနှင့် ပြည့်စုံ ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း
၁၅	ပြင်ဆင်ဖြည့်စွက်မှု		မူလ သက်တမ်း ၁၅ နှစ်မှ ၂၅+၅+၅ နှစ်ထိ တိုးမြှင့် ပြင်ဆင်ခြင်း၊ စုစုပေါင်း ငှားရမ်းခ ကျပ် သန်း ၂၉၀ မှ ကျပ် ၂၉၅.၈၀ သန်းသို့ တိုးမြှင့်ခြင်း	ငှားရမ်းသက်တမ်းပြင်ဆင်ခြင်း၊ စက်ရုံ တစ်ခုချင်းအလိုက်စာချုပ် ချုပ်ဆိုခြင်း နှင့် ကုမ္ပဏီအမည် ပြင်ဆင်ခြင်း
၁၆	အခြား			၆/၂၀၁၅-၂၀၁၆ (၂၃-၆-၂၀၁၅) စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး ၏ သဘောတူခွင့်ပြုချက်အရ အမှတ် (၁)ပလတ်စတစ် စက်ရုံ (ရန်ကုန်) အားငှားရမ်းသည့် သဘောတူ စာချုပ်

				ချုပ်ဆိုရခြင်း ဖြစ်ပါသည်။
				BOT စနစ်ဖြင့် ဆောင်ရွက်ခြင်းအပေါ် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ BOT စနစ်အတွက် လိုအပ်သော အချက်အလက်များနှင့် ပြည့်စုံ ကိုက်ညီမှု ရှိရန် လိုအပ်မည် ဖြစ်ကြောင်း မှတ်ချက် ပြုထားပါသည်။ အဆိုပါ အချက်အား ကော်မရှင်မှ စက်မှုဝန်ကြီး ဌာနသို့ မေးမြန်းရာ ထပ်မံတပ်ဆင်မည့် စက်ပစ္စည်းများအတွက် သက်တမ်း ကုန်ဆုံး ပါက ပြန်လည်လွှဲပြောင်းရာတွင် ပါဝင်နိုင်ရန် ဖြစ်ကြောင်း ပြောကြားပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၂. ၁. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ရက-၃/ မ-၁၃၂၀/၂၀၁၆(၁၁၆-မ)

၁။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀၅/၁၁၁)၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦနှင့် စက်ပစ္စည်းများအား ငှားရမ်း၍ နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား (၁၄၀)ဦးမှ (၂၁၅)ဦးအထိ အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀၅/၁၁၁)၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)အား တစ်နှစ်လျှင် ငွေကျပ်(၁၈၃. ၆)သန်းနှုန်း၊ (1sqft =၄၂၄ ကျပ်, 1sqm =၄၇၀၀ကျပ်) နှုန်းဖြင့် ကနဦးနှစ်(၅၀)နှင့် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုး ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

D/2016/Cabinet/5.(17)

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့် (၄. ၂. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၀၁)အရ သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြောက်ဥက္ကလာပမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
သစ်လွင် အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
လက်ခံစာတွဲ
မျှောစာတွဲ

D/2016/Cabinet/5.,(18)

M. 334
၁၁/၁

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝ၀၁/MIC(OSS)/ECD/၀၁(၄၅/၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သစ်လွင်အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် ပတ်သက်၍သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၂-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၃/ မ-၁၃၂၀/ ၂၀၁၆(၁၁၁)

၁။ သစ်လွင်အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သည် စက်မှုဝန်ကြီးဌာန၊ မြန်မာဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀၅/၁၁၁) သုဓမ္မာလမ်း၊ မြောက် / ဥက္ကလာပမြို့နယ် အမှတ်(၁)ပလပ်စတစ်စက်ရုံ(ရန်ကုန်)ရှိ မြေ ၉.၈၃၈ဧက(၃၉၇၇၉.၈၅၅စတုရန်းမီတာ)နှင့်ယင်းမြေပေါ်ရှိအဆောက်အဦနှင့် စက်ပစ္စည်းများငှားရမ်း၍ နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့်(၁၀)နှစ်သက်တမ်းတိုး(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၆)လဖြစ်ကြောင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာသောအသားတင် အမြတ်ငွေ၏(၂%)ကို လူမှုရေးအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု(Corporate Social Responsibility - CSR)လုပ်ငန်းများတွင်ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ စက်ရုံဝန်းကျင်တွင် အရိပ်ရလေကာပင်များအပါအဝင် အမြဲစိမ်းနှစ်ရှည်နှစ်တိုပင်များနှင့်စက်ရုံအတွင်း အလှမြက်များကိုစိုက်ပျိုးပြီး စိမ်းလန်းစိုပြေရေးဆောင်ရွက်သွားမည်ဖြစ်

ကြောင်း၊ စက်ရုံမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းနှင့်အမှိုက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)၏ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ သစ်လွင်အထွေထွေစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ Plastic Shopping Bag များထုတ်လုပ်ခြင်းကြောင့်အသုံးပြုမည့် Polypropylene(PP), Polyethylene(LDPE) စသည့်ကုန်ကြမ်းများသည့် ဆွေးမြေ့ပျက်စီးရန်နှစ်ပေါင်းအချိန်ကြာမြင့်ခြင်း၊ ကုန်ကြမ်းပစ္စည်းများကိုအသုံးပြုရာမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်အရည်များကြောင့် ပတ်ဝန်းကျင်ရှိရေထုနှင့်မြေထုညစ်ညမ်းမှုဖြစ်ပေါ်စေခြင်း၊ ပလပ်စတစ်သည့်မီးလောင်ရန်လွယ်ကူသောပစ္စည်းတစ်မျိုးဖြစ်ပြီးလုပ်ငန်းအဆင့်ဆင့်မှထွက်ရှိလာမည့် Polymeric dust နှင့်အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းခြင်း၊ ဓာတုအဆိပ်(ဒိုင်အောက်စင်)များထွက်ရှိပြီး ဝန်ထမ်းများ၏အဆုတ်နှင့်အသက်ရှုလမ်းကြောင်းဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာနိုင်ခြင်း၊ လုပ်ငန်းအဆင့်ဆင့်တွင်အသုံးပြုမည့်စက်များ၏ ဆူညံသံကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများအား အနှောက်အယှက်ဖြစ်စေခြင်း စသောပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ သစ်လွင်အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်ပတ်ဝန်းကျင်လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျှော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကိုပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးအကျိုးပြုလုပ်ငန်းများ (Corporate Social Responsibility – CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အားအသုံးပြုခြင်းတို့အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မ

ဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination -IEE) ကိုရေးဆွဲပြီးအစီရင်ခံစာပြုစုတင်ပြရန်နှင့်ဝန်ကြီးဌာနမှလိုအပ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)ကို ဆောင်ရွက်ရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်/ အစိုင်အခဲစီမံခန့်ခွဲမှုအစီအစဉ် စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက်သုံးစွဲမည့်ရန်ပုံငွေစသည့်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Manangement Plan - EMP)ကို ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ/ နည်းဥပဒေ/ လုပ်ထုံးလုပ်နည်းများနှင့်အညီလိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ(၂) ၂၀၁၅-၂၀၁၆ (၃၉၉၁)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

၅၇-၃၀၇
7/2/16

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၂.၁.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၃/ မ-၁၃၂၀/ ၂၀၁၆ (၁၁၆-၈)

၁။ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀၅/၁၁၁)၊ သုခမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)တွင် နိုင်ငံတကာ အဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) စက်မှုဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် အငှားချထားခြင်း ခံရသူမှ ပလတ်စတစ်ရှီတင်အမျိုးမျိုး၊ သားရေတုနှင့် ဘိလပ်မြေအိတ်ခွံများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သည့်လုပ်ငန်း များ ဆောင်ရွက်ရန် ချုပ်ဆိုထားပါသည်။

(စ) ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများစာရင်း သင့်လျော်မှု ရှိပါသည်။

(ဆ) ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထွက်ရှိမှု တင်ပြချက် ကိုက်ညီမှု ရှိပါသည်။

(ဇ) ကုန်ချောပစ္စည်းများကို ပြည်တွင်း၌ ၄၄% နှင့် ပြည်ပသို့ ၅၆% တင်ပို့ရောင်းချ မည်ဖြစ်ပါသည်။

၃။ သို့ပါ၍ သစ်လွင် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ Plastic Shopping Bag အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေ ဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၅.၂.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးဦးစီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ
သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်
NEW GENERAL INDUSTRY COMPANY LIMITED

မှ

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ်(၁၀၅အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)
တွင် တည်ရှိသော အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)၏ မြေနှင့်ယင်းမြေပေါ်ရှိ
အဆောက်အဦ နှင့် စက်ပစ္စည်းများအား ငှားရမ်း၍ နိုင်ငံတကာအဆင့်မီ
Plastic Shopping Bag အမျိုးမျိုး၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမည့်
ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက်
"အဆိုပြုလွှာ တင်ပြချက်"



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၃-စမ(၂)၂၀၁၅-၂၀၁၆(၃၀၂၃)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **ငှားရမ်းရေးသဘောတူစာချုပ်(မူကြမ်း) (၃)စုံပေးပို့ခြင်း**

ရည် ညွှန်း ချက်။ စက်မှုဝန်ကြီးဌာန၏ ၃၀.၁၂.၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၃-စမ(၂)၂၀၁၄-၂၀၁၅(၄၄၉၀)

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းရှိ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) (မရမ်းကုန်းနှင့် မှော်ဘီရှိ စက်ရုံခွဲများ အပါအဝင်)ကို Mother Trading Co., Ltd. သို့ မူလငှားရမ်းကာလ(၂၅+ ၅+ ၅)နှစ်အစား (၅၀+ ၁၀+ ၁၀)နှစ်ဖြင့် နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် ရည်ညွှန်းချက်ပါစာဖြင့် တင်ပြခဲ့ရာ ၁၉.၁.၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၅)မှ ငှားရမ်းစက်ရုံများမှာ တည်နေရာသီးခြားစီတည်ရှိနေခြင်း၊ စက်မှုလုပ်ငန်းလိုင်စင်လျှောက်ထားရန်နှင့် အခွန်ထမ်းဆောင်ရာတွင် မြို့နယ်အလိုက် သီးခြားဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် စက်ရုံ(၃)ရုံအတွက် သီးခြားစာချုပ်(၁)စုံစီပြုစု၍ ပြန်လည်တင်ပြရန် အကြံပြုခဲ့ကြောင်း သိရှိရပါသည်။

၂။ Mother Trading Co., Ltd. အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် ကုမ္ပဏီအမည်အား Mother Trading Co., Ltd. အစား New General Industry Co., Ltd. အမည်ဖြင့် ပြောင်းလဲဆောင်ရွက်ရေးကိစ္စကို စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှ သဘောတူခွင့်ပြုထားပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ မြန်မာ့ဆေးဝါးလုပ်ငန်းရှိ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) (မရမ်းကုန်းနှင့်မှော်ဘီရှိ စက်ရုံခွဲများအပါအဝင်)ကို ငှားရမ်းဆောင်ရွက်လျက်ရှိသော New General Industry Co., Ltd. သို့ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် B.O.T စနစ်ဖြင့် ကနဦး(၅၀)နှစ် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုးဖြင့်ဆောင်ရွက်ခွင့်ပြုပါရန်နှင့် စက်ရုံ(၁)ရုံစီအလိုက် ပြုစုထားသော စာချုပ်(မူကြမ်း)(၃)စောင်ကို ပူးတွဲပေးပို့အပ်ပါသည်။

၇.၁၂.၁၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

D/Dec(2015)mm.doc-24

သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်
(NEW GENERAL INDUSTRY COMPANY LIMITED)

နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမည့်လုပ်ငန်းအား ရင်းနှီးမြှုပ်နှံခွင့်ပြုပါရန် အဆိုပြုလွှာ တင်ပြခြင်း

အညွှန်း

၁။	ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မည့်လုပ်ငန်းအား ခွင့်ပြုပေးပါရန် အဆိုပြု တင်ပြစာ	
၂။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ လျှောက်ထားစာ	
၃။	မနသ ပုံစံ(၁)	
၄။	ကတိဝန်ခံချက်	
၅။	ဝန်ထမ်းသက်သာ ချောင်ချိရေး အစီအစဉ်	
၆။	မီးဘေးကာကွယ်မှု အစီအစဉ်	
၇။	သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်	
၈။	လူမှုရေးအကျိုးပြုလုပ်ငန်းများအတွက် လျာထားသုံးစွဲမည့် အစီအစဉ်	
၉။	မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)၏ ဓါတ်ပုံများ	
၁၀။	မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) မှ ထုတ်လုပ်မည့်ပစ္စည်း ဓါတ်ပုံများ	
၁၁။	အစုရှယ်ယာရှင်များ နှင့် ဒါရိုက်တာများစာရင်း	နောက်ဆက်တွဲ - (၁)
၁၂။	ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုစာရင်းများ အစီအစဉ်	နောက်ဆက်တွဲ -(၂) မှ နောက်ဆက်တွဲ -(၁၃)
၁၃။	စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦနှင့် စက်ပစ္စည်းများအား ငှားရမ်းခြင်း သဘောတူစာချုပ်	နောက်ဆက်တွဲ - (၁၄)
၁၄။	ဘဏ္ဍာရေးအချက်အလက်များနှင့် အထောက်အထား စာရွက်စာတမ်းများ	နောက်ဆက်တွဲ -(၁၅)
၁၅။	ကုမ္ပဏီဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ	နောက်ဆက်တွဲ -(၁၆)

NGI New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ ပေးပို့ခြင်း။

အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်များ မြန်မာနိုင်ငံသား၊ တိုင်းရင်းသား လုပ်ငန်းရှင်များမှ ပိုင်ဆိုင်သော **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** (New General Industry Co., Ltd.) သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ် (၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)တွင် တည်ရှိသော အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်)ကို ငှားရမ်းပြီး နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ သေသပ်၊ လှပစွာဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအား ခေတ်မီစက်ပစ္စည်း၊ နည်းပညာများဖြင့် လုပ်ကိုင်ပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပသို့တင်ပို့ ရောင်းချနိုင်သောအဆင့်အထိ ထုတ်လုပ်၊ ရောင်းချခြင်းကို လုပ်ကိုင်လိုပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်မည့်အဆိုပြုချက်ကို တင်ပြ၊ ပေးပို့၊ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

NGI New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်မှ နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းအား ခွင့်ပြုပေးပါရန် အဆိုပြုတင်ပြခြင်း ကိစ္စ။**

အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်များ မြန်မာနိုင်ငံသား၊ တိုင်းရင်းသား လုပ်ငန်းရှင်များမှ ပိုင်ဆိုင်သော ကုမ္ပဏီဖြစ်သည့် **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** (New General Industry Company Limited)သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ် (၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)တွင် တည်ရှိသော အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)တွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုးကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းအား ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။

ဤသို့ လုပ်ကိုင်၊ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသော လုပ်ငန်းရပ်မှ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိစေခြင်းနှင့် နိုင်ငံတော်တွင် အခွန်အခများရရှိစေခြင်း စသည့်အကျိုးကျေးဇူး များကို ရရှိနေနိုင်သည့်အပြင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုးအား မြန်မာနိုင်ငံသားများမှ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရုံသာမက ပြည်ပသို့ တင်ပို့၊ ရောင်းချခြင်းအတွက် နိုင်ငံခြားဝင်ငွေ ရရှိနိုင်သော လုပ်ငန်းရပ်ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးပါရန် ဤအဆိုပြုချက်အား တင်ပြ၊ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား လျှောက်ထားခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** (New General Industry Company Limited)သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ် (၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)တွင် တည်ရှိသော အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)တွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လုပ်ငန်းများအား ဆောင်ရွက်ပါမည်။

ဤလုပ်ငန်းအား နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများရရှိစေရန်နှင့် မြန်မာနိုင်ငံအတွင်း ပြည်တွင်းသုံးစွဲမှုကို ဖူလုံစေရုံသာမက ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိစေရန်တို့အတွက် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သောလုပ်ငန်းဖြစ်ပါသောကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခွင့်ပြုပေးပါရန် တင်ပြ၊ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
<u>ရန်ကုန်မြို့။</u>

ရက်စွဲ ။ ။၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား လျှောက်ထားခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကျွန်တော်များ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** (New General Industry Company Limited) သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ်-(၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)တွင် တည်ရှိသော အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်) တွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လုပ်ငန်းများအား ဆောင်ရွက်ပါမည်။

မြေငှားရမ်းခကို စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းသို့ သတ်မှတ်ချိန်အတိုင်း မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးနှင့် စက်ပစ္စည်းများအား ငှားရမ်းသည့် သဘောတူစာချုပ်အရ ပေးသွင်းပါမည်။ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးနှင့် စက်ပစ္စည်းများအား ငှားရမ်းသည့်သဘောတူစာချုပ်အရ လိုက်နာရမည့် ကိစ္စရပ်များကိုလည်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျွန်တော်များကုမ္ပဏီ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သန်း (၃၃,၀၀၀)ဖြစ်၍ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် လုပ်ငန်းအတွက်လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းမည်ဖြစ်ပါသည်။ အရည်အသွေးကောင်းမွန်သော နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတွင် အသုံးပြုမည့် ပြည်ပမှ မှာယူလိုသော စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ၏တန်ဖိုးနှင့် ကုမ္ပဏီလည်ပတ်မှုအတွက် ထည့်ဝင်မည့်ငွေသားတို့အတွက် အသေးစိတ်စာရင်းများကို တင်ပြထားပါသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ရောင်းချခြင်း လုပ်ငန်းတွင် ရငွေနှင့်အသုံးစရိတ်စာရင်း (Income & Expenditure Account) ကိုလည်း နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်ငွေများကိုပါ ထည့်သွင်းတွက်ချက်၍ အသေးစိတ် ဖော်ပြထားပါသည်။ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများရရှိစေရန်နှင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်နေရာများ ပေါ်ပေါက်စေရေး တို့အတွက် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းအား ခွင့်ပြုပေးပါရန်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုလည်း ခွင့်ပြုပေးပါရန် တင်ပြ၊ လျှောက်ထားအပ်ပါသည်။

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အဆိုပြုလွှာများနှင့်လျှောက်လွှာများကို အထောက်အထားစာရွက်စာတမ်းများဖြင့် ပူးတွဲ၍ တင်ပြအပ်ပါသည်။

(က) ကမကထပြုသူ၏ လုပ်ငန်းအဆိုပြုချက်၊

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့် စပ်လျဉ်း၍ တွက်ချက်မှုဇယားများ၊

(ဂ) မြေငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)၏ စာရွက်စာတမ်း အထောက်အထားများ၊

(ဃ) ငွေကြေးအထောက်အထား စာရွက်စာတမ်းများ၊

(င) ထုတ်လုပ်သော ပလပ်စတစ်ပစ္စည်းထုတ်ကုန်အမျိုးမျိုး၏ ဓါတ်ပုံများ၊

(စ) အသုံးပြုသော စက်ပစ္စည်းများ၏ ဓါတ်ပုံများ၊

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ–၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်

[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ဂ]

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊ 001 / ( ) / MIC / 2016
ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏–

(က) အမည်	–	ဦးအောင်မြတ်
(ခ) အဖအမည်	–	ဦးသိန်းမြင့်
(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	–	၁၂/ဥကတ (နိုင်) ၀၂၃၀၃၉
(ဃ) နေရပ်လိပ်စာ	–	အမှတ်–(၃၇)၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(င) လူမျိုး၊ ဘာသာ	–	ဗမာ၊ ဗုဒ္ဓဘာသာ။
(စ) အဖွဲ့အစည်း အမည်	–	သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်၊
(ဆ) လုပ်ငန်း အမျိုးအစား	–	နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း။
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ်	–	အမှတ်–(၁၅၁)၊ ၉–လွှာ၊ တာဝါ(အေ)၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝါးတန်းလမ်းထောင့်၊ (၈) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည်	–	မရှိပါ.
(ခ) အဖအမည်	–	–

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင် မှတ် – –

(ဃ) နေရပ်လိပ်စာ – –

(င) လူမျိုး၊ ဘာသာ – –

(စ) အဖွဲ့အစည်း အမည် – –

(ဆ) လုပ်ငန်း အမျိုးအစား – –

(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ခုထက်ပိုပါက သီးခြားစာရွက်တွင် ဖော်ပြပူးတွဲရန်)

၃။ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား–

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း – နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း။

(ခ) ဝန်ဆောင်မှုလုပ်ငန်း –

၄။ လုပ်ကိုင်မည့် စီးပွားရေးပုံစံ–

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ခ) အဖွဲ့အစည်းနှင့်နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဍာန်–

(က) တစ်ဦးတည်းပိုင် ....

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း ....

(ဂ) လီမိတက်ကုမ္ပဏီ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်**

(ဃ) သမဝါယမအသင်း ....

(အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟု ဖော်ပြ၍ ထည့်ဝင်မည့်မတည် ငွေရင်း အချိုးအစား၊ စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့်သူများ၏ အမည်၊ နေရပ်လိပ်စာများနှင့် ရာထူးတို့ကို ပူးတွဲတင်ပြရန်)

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက–

(က) အစုစပ်တို့က ထည့်ဝင်မည့် အစုငွေအချိုးအစားနှင့် ပမာဏ

....

(ခ) အကျိုးအမြတ်ခွဲဝေမည့် အချိုးအစား

....

(ဂ) အစုဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

....

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့် ဖော်ပြရန်)။

၇။ သမဝါယမအသင်း၊ လီမိတက်ကုမ္ပဏီဖြစ်ပါက–

(က) ခွင့်ပြုမတည်ငွေရင်း – ကျပ် (၅၀၀,၀၀၀,၀၀၀/–) (ကျပ်သန်းငါးရာတိတိ)

(ခ) အစုရှယ်ယာ အမျိုးအစား – ကျပ် ၁၀,၀၀၀/– တန် အစုရှယ်ယာပေါင်း – ၅၀,၀၀၀ (ငါးသောင်းတိတိ)

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာပမာဏ – ကျပ် ၁၅၀,၀၀၀,၀၀၀/.

မှတ်ချက်။ အဆိုပြုလုပ်ငန်းအတွက် ကော်မရှင်၏ခွင့်ပြုချက်ရရှိပါက ခွင့်ပြုမတည်ငွေရင်းကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ တိုးမြှင့်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ –

(က) မတည်ငွေရင်းပမာဏ(ကျပ်)

		အမေရိကန်ဒေါ်လာ	ကျပ်	စုစုပေါင်း ညီမျှသောကျပ် (1 US$ = ၁၂၀၀ ကျပ်)
(၁)	စက်ပစ္စည်းကိရိယာများ	၅,၄၆၃,၀၀၀	–	၆,၅၅၅,၆၀၀,၀၀၀
(၂)	လည်ပတ်ငွေရင်း	–	၃၈၀,၀၄၀,၀၀၀	၃၈၀,၀၄၀,၀၀၀
(၃)	အဆောက်အဦးဆောက်လုပ်မှုစရိတ်	–	၂၅,၈၇၉,၇၆၀,၀၀၀	၂၅,၈၇၉,၇၆၀,၀၀၀
(၄)	မြေငှားခ		၁၈၃,၆၀၀,၀၀၀	၁၈၃,၆၀၀,၀၀၀
	စုစုပေါင်း	**၅,၄၆၃,၀၀၀**	**၂၆,၄၄၄,၄၀၀,၀၀၀**	**၃၃,၀၀၀,၀၀၀,၀၀၀**

(ခ) နိုင်ငံခြားမှ တင်သွင်းရန် လိုအပ်သည့်

		အမေရိကန်ဒေါ်လာ	ညီမျှသောကျပ် (1 US$ = ၁၂၀၀ ကျပ်)
(၁)	စက်ပစ္စည်းကိရိယာများ	၅,၄၆၃,၀၀၀	၆,၅၅၅,၆၀၀,၀၀၀
(၂)	ကုန်ကြမ်းပစ္စည်းများတင်သွင်းရန် တန်ဖိုးပမာဏ (Test Run)		–
	စုစုပေါင်း	**၅,၄၆၃,၀၀၀**	**၆,၅၅၅,၆၀၀,၀၀၀**

(ဂ) တည်ဆောက်မှုကာလ/တပ်ဆင်မှုကာလ – (၁) နှစ်

(ဃ) ပဏာမ စမ်းသပ်လည်ပတ်မှု ပြုလုပ်မည့်ကာလ – –

(င) တည်ဆောက်မှု စတင်မည့်အချိန် – မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုမိန့် ရပြီး (၆) လအတွင်း

(စ) ရင်းနှီးမြှုပ်နှံမှုကာလ – နှစ် (၅၀) + (၁၀)နှစ် + (၁၀)နှစ်

၉။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား – နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသများ – **အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)** အမှတ် (၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)၊ သုဝဏ္ဏလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ဆောင်ရွက်ပုံနည်းစနစ် – Plastic Shopping Bags ထုတ်လုပ်သည့် စက်များဖြင့် ထုတ်လုပ်မည် ဖြစ်ပါသည်။

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက် –

အမျိုးအစား	**အရေအတွက်**
ဒီဇယ်	(၃၀၀၀) ဂါလံ
ဓါတ်ဆီ	(၃၀၀၀) ဂါလံ
စက်ဆီ၊ချောဆီ	(၃၀၀၀) ဂါလံ
မီးထိုးဆီ	(၃၀၀၀) ဂါလံ

(င) နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်–

	အားအသုံးပြုမှု	**မြင်းကောင်ရေ**
၁။	လျှပ်စစ်ဓာတ်အား	30,000,000 ကီလိုဝပ်နာရီ
၂။	ဓာတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား	550 KVA x 3 No
၃။	ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား	....
၄။	သဘာဝဓာတ်ငွေ့သုံးစက်အား	....
၅။	ပေးပို့သည့်အခြားအား (ရေအား/လေအားစသည်များ)	....

(စ) နှစ်စဉ် ရေလိုအပ်ချက် – (၃၆၀၀၀) ဂါလံ
(နေ့စဉ် ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်) – (၁၀၀) ဂါလံ

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက် – နောက်ဆက်တွဲ – (၄)

(ဇ) အဆောက်အအုံလိုအပ်ချက် – –

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် – စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် မြေကွက်အမှတ် (၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)

အမှတ်(၁)ပလပ်စတစ်စက်ရုံ(ရန်ကုန်)

ပင်မစက်ရုံ	၈.၄၅ ဧက
ဝန်ထမ်းအိမ်ယာ	၁.၃၈ ဧက
စုစုပေါင်း	**၉.၈၃ ဧက**

(စက်မှုနယ်မြေအပါအဝင်)

(ည) ခန့်မှန်းထုတ်လုပ်မည့် ကုန်ပစ္စည်း ဆောင်ရွက်မည့်ဝန်ဆောင်မှု(နှစ်စဉ်) – နောက်ဆက်တွဲ – (၇)

၁၀။ နှစ်စဉ်ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ–

		ခန့်မှန်းခြေ	
		ကျပ်ငွေ	နိုင်ငံခြားငွေ
(က)	လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့် ကျပ်ငွေ	နောက်ဆက်တွဲ – (၂)	
(ခ)	လိုအပ်မည့် နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ – (၂)	
(ဂ)	ရရှိမည့် နိုင်ငံခြားသုံး ငွေပမာဏ	နောက်ဆက်တွဲ – (၇)	
(ဃ)	ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု တန်ဖိုးပမာဏ	နောက်ဆက်တွဲ – (၇)	
(င)	နှစ်စဉ်ပြည်တွင်းရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ	နောက်ဆက်တွဲ – (၇)	

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့်အမှုထမ်းများ စာရင်း–

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ – နောက်ဆက်တွဲ – (၅)

(ခ) နိုင်ငံခြားမှလိုအပ်မည့်ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ – နောက်ဆက်တွဲ – (–)

၁၂။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ –

		ကျပ်ငွေ	နိုင်ငံခြားငွေ
(က)	နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ – (၇)	
(ခ)	နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ – (၆)	
(ဂ)	နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ – (၁၀)	
(ဃ)	နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု	နောက်ဆက်တွဲ – (၂)	
(င)	အရင်းကျေကာလ	နောက်ဆက်တွဲ – (၁၁)	
(စ)	အခြားအကျိုးအမြတ်များ	နောက်ဆက်တွဲ – (၁၃)	
(ဆ)	အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည့် အခြေအနေ	နောက်ဆက်တွဲ – (၅)	

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဥ်းသည့် အထောက်အထားများ၊ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦနှင့် စက်ပစ္စည်းများအား ငှားရမ်းခြင်း သဘောတူစာချုပ်၊

(ခ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ၊

(ဂ) သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဥ်းနှင့် ကုမ္ပဏီစာရွက်စာတမ်း အထောက်အထားများ၊

လက်မှတ်၊ ....

အမည်၊ ဦးအောင်မြတ်

ရာထူး၊ မန်နေဂျင်းဒါရိုက်တာ
(လျှောက်ထားသူ)

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And
Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ (   )ရက်။

အကြောင်းအရာ။ ။ <u>လျှပ်စစ်ဓါတ်အား သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ဝန်ခံကတိပြုခြင်း။</u>

ကျွန်တော်များ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** ၏ နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် စက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓါတ်အားကို မြန်မာ့လျှပ်စစ်ဝန်ကြီးဌာနမှ ထုတ်လွှတ်သော ဓါတ်အားလိုင်းများမှ အဓိကရယူ၍ သုံးစွဲမည်ဖြစ်ပြီး၊ လုံလောက်မှုမရှိပါက ကိုယ်ပိုင်သုံး Generator များကို ထည့်သွင်းအသုံးပြု၍ စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ **။ သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက် မှ နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းအား ဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကတိဝန်ခံချက် တင်ပြခြင်း။**

အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်များ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** (New General Industry Company Limited) သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ်-(၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)တွင် တည်ရှိသော အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်)တွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အောက်ဖော်ပြပါတို့ကို ဝန်ခံကတိပြုပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများ ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပါသည်။

(ခ) ဤလုပ်ငန်းအား အောင်မြင်အောင် တိုးချဲ့လုပ်ကိုင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) နိုင်ငံတော်အစိုးရမှ မြေယာနှင့်စပ်လျဉ်း၍သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။

(ဃ) ကျွန်တော်များ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအရ၊ လိုအပ်သော Environment Impact Assessment (EIA), Social Impact Assessment (SIA) စသည့် အစီအမံများအား လိုက်နာဆောင်ရွက်ပါမည်။

(င) မီးဘေးကြိုတင်ကာကွယ်မှုကိုလည်း စီမံဆောင်ရွက်ထားပြီး နိုင်ငံတော်မှ ချမှတ်ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စသည်များကို တိကျစွာလိုက်နာ၊ ဆောင်ရွက်သွားပါမည်ဟု ဝန်ခံကတိပြုပါသည်။

(စ) စက်မှုဝန်ကြီးဌာနသို့ ပေးသွင်းရမည့် မြေငှားရမ်းခများကို တိကျမှန်ကန်စွာ ပေးသွင်းခြင်း၊ MIC သို့ အစီရင်ခံစာများ (Report)များအား မှန်မှန်တင်ပြခြင်း၊ အခွန်ဌာနသို့စာရင်းများကို တိကျမှန်ကန်စွာ တင်ပြခြင်း၊ အခွန်ကင်းလွတ်ကာလပြီးဆုံးချိန်၌လည်း ကုမ္ပဏီများဆိုင်ရာ အခွန်လုပ်ငန်းစုရုံးသို့ စာရင်းများအား တိကျမှန်ကန်စွာတင်ပြခြင်း၊ ပေးသွင်းရမည့်အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

(ဆ) ကုမ္ပဏီ၏ဘဏ်စာရင်း (Bank Account) များကိုလည်း MFTB (သို့မဟုတ်) MICB (သို့မဟုတ်) ပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ထားရှိမည်ဟု ဝန်ခံကတိပြုပါသည်။

(ဇ) လိုအပ်သော စက်နှင့်စက်ပစ္စည်းအသစ်များကိုသာ ပြည်ပမှတင်သွင်းမည်ဖြစ်ကြောင်းကို ဝန်ခံကတိပြုပါသည်။

(ဈ) ကုမ္ပဏီအနေဖြင့် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများကို စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်မည်ဖြစ်ပါမည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုအရ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

NGI New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
<u>ရန်ကုန်မြို့။</u>

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ (   )ရက်။

အကြောင်းအရာ။ ။ **<u>သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်၏ ပလတ်စတစ်ပစ္စည်း စက်ရုံအား အဆိုပြုတင်ပြသော လုပ်ငန်းနှင့် ပတ်သက်၍ ဝန်ထမ်းသက်သာ ချောင်ချိရေး အစီအစဉ်များကို တင်ပြခြင်း။</u>**

သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက် သည် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများအား ဆောင်ရွက်ရာတွင် နိုင်ငံတကာ အရည်အသွေးဖြင့် လုပ်ငန်းပိုင်းတွင်သာမက ဝန်ထမ်းရေးရာအပိုင်းတွင်ပါ အောက်ဖော်ပြပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁။ ဤရင်းနှီးမြှုပ်နှံမှုသည် ကာလရှည်လုပ်ငန်းဖြစ်သည့်အားလျော်စွာ ဝန်ထမ်းများကို ဘဝလုံခြုံမှုရှိသည့် ကောင်းမွန်သော လုပ်ငန်းခွင်အဖြစ် ဖန်တီးစီစဉ်ထားရှိပေးမည် ဖြစ်ပါသည်။

၂။ သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက် သည် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် လူမှုဖူလုံရေး ဥပဒေအရ ခံစားခွင့်များအပြည့်အဝခံစားနိုင်ခွင့်အတွက် နောက်ပိုင်းပင်စင်ခံစားခွင့်အထိ အကျုံးဝင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ တည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအတွက် ကြို/ပို့ ယာဉ်များ စီစဉ်ထားရှိပါမည်။

၄။ လုပ်ငန်းခွင်အချိန်အတွင်း ဝန်ထမ်းများအား ကျန်းမာရေးနှင့်ကိုက်ညီသည့် အာဟာရပြည့်အစားအစာ များကို လုပ်ငန်းချိန်အလိုက် ကျွေးမွေးမည် ဖြစ်ပါသည်။

၅။ အုပ်ချုပ်မှုပိုင်း တာဝန်ယူဆောင်ရွက်နိုင်ရန် အလားအလာရှိသူများအား အဆင့်မြင့်ပညာဆက်လက် ဆည်းပူးနိုင်ရန် အထောက်အပံ့များဖြင့် လေ့ကျင့်မွေးထုတ်ပေးရန် အစီအစဉ်ရှိပါသည်။

၆။ ထို့အပြင် ကုမ္ပဏီ၏ Corporate Social Responsibility အစီအစဉ်အရ ဝန်ထမ်းများ၏ ကျန်းမာရေး၊ သာရေး၊ နာရေးနှင့် ဝန်ထမ်းများ၏ သားသမီးများပညာရေးကို ထိရောက်စွာ ထောက်မ၊ ပံ့ပိုးနိုင်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
<u>ရန်ကုန်မြို့။</u>

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ **<u>မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက် တင်ပြခြင်း။</u>**

အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်များ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ၊ နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့် လျှောက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် MIC ခွင့်ပြုမိန့်ရရှိသည့် အချိန်မှစတင်၍ လုပ်ငန်းလုပ်ကိုင်ရာတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရေဂါလံ (၁၀၀,၀၀၀)ဆန့် ရေလှောင်ကန်ကြီးများကို မီးလောင်မှုကာကွယ်ရန် သံကူ၊ ကွန်ကရစ် (RC) ဖြင့် တည်ဆောက်ထားမည် ဖြစ်ပါသည်။ လိုအပ်မည့် ရေပုံး၊ မီးကပ်၊ မီးချိတ်၊ သဲအိတ်၊ မီးသတ်ဆေးဘူးများ ထားရှိမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်နေရာများတွင် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရန် စည်းကမ်းချက်များထားရှိ၍ ဝန်ထမ်းများနှင့်အလုပ်သမားများမှ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် စီမံထားရှိပါမည်။ အရေးပေါ် မီးသတ်နည်းပညာများ၊ ကာကွယ်နည်းများကို လေ့ကျင့်သင်ကြားပေးထားမည် ဖြစ်ပါသည်။ လုပ်ငန်းခွင်အတွင်း ဆေးလိပ်သောက်ခြင်းနှင့် ထမင်း၊ ဟင်းချက်ခြင်းများ မပြုလုပ်ရန်နှင့် လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်နည်းများကို ထားရှိဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
<u>ရန်ကုန်မြို့။</u>

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ **<u>သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်။</u>**

ကျွန်တော်များ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** သည် ပလတ်စတစ်စက်ရုံများအား လည်ပတ်နေစဉ်ကာလတစ်လျှောက်လုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်။

(က) စက်ရုံဝန်းကျင်တွင် လေကာပင်များအပါအဝင် အမြဲစိမ်းနှစ်တို၊ နှစ်ရှည်ပင်များ စိုက်ပျိုးပြီး မြေဆီလွှာ၊ ဖုန်မှုန့်များ လွင့်ပါးခြင်းမရှိစေရန် စက်ရုံမြေနေရာအားလုံးကို အလှမြက်များ စိုက်ပျိုးခြင်း၊ လမ်းများကို ကွန်ကရစ်ခင်းခြင်းများ ဆောင်ရွက်သွားပါမည်။

(ခ) ပတ်ဝန်းကျင်ကိုထိခိုက်စေမည့် လေထုညစ်ညမ်းမှု၊ မြေဆီလွှာထိခိုက်မှုများ မဖြစ်စေရန် လိုအပ်သည်များကို တာဝန်ယူ ဆောင်ရွက်ပါမည်။

(ဂ) လေထုညစ်ညမ်းမှုမှ ကာကွယ်ရန် ညစ်ညမ်းလေ ထုတ်လွှတ်မှုနည်းသော စက်ပစ္စည်းများ၊ နည်းပညာများကို အသုံးပြုပါမည်။

(ဃ) စက်ရုံမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များနှင့် ညစ်ညမ်းရေများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) မှ ညွှန်ကြားချက်များနှင့်အညီ သန့်စင်စနစ်ထားရှိပြီး သန့်စင်ခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့ကို ပြုလုပ်ပါမည်။

(င) ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု လေ့လာချက်၊ လူနေမှုပတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အစီအမံများအား လိုအပ်ပါက သက်ဆိုင်ရာဌာနများသို့ လျှောက်ထား၍ တင်ပြသွားပါမည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

NeoTech Myanmar Co., Ltd.

No. (218), Ward (34), Tabin Shwe Hti Rd., New Dagon (North), Yangon, Myanmar

Ph. 09-5026223, 01-584126 Email: neotechmyanmar3@gmail.com

စာအမှတ်။ ။MMMD/ENV9/6/2016

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ။ New General Industry Co.,Ltd ၏ Plastic Shopping Bags လုပ်ငန်းအတွက် Initial Environmental Examination (IEE) နှင့် Environmental Management Plan (EMP) ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အစီရင်ခံတင်ပြခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ New General Industry Co.,Ltd သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၀၅/၁၁၁)၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၁)ပလတ်စတစ်စက်ရုံတွင် Plastic Shopping Bags လုပ်ငန်းအတွက် NeoTech Myanmar Co.,Ltd အား Initial Environmental Examination (IEE) နှင့် Environmental Management Plan (EMP) ပြုလုပ်ရန် လုပ်ငန်းအပ်နှံခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး NeoTech Myanmar Co.,Ltd မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များသည် ၂၀၁၆ ခုနှစ်၊ မတ်လပထမပတ်မှစတင်ကာ ပတ်ဝန်းကျင်ဒေသများတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သုတေသနစမ်းသပ်ချက်များ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ New General Industry Co.,Ltd ၏ Initial Environmental Examination (IEE) နှင့် Environmental Management Plan (EMP) Report အား ၂၀၁၆ ခုနှစ်၊ မေလတတိယပတ်တွင် ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဒေါက်တာဇင်မင်း

Managing Director

NeoTech Myanmar Co.,Ltd

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And
Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ (   )ရက်။

အကြောင်းအရာ။ ။ **Water Treatment နှင့် ပတ်သက်၍ တင်ပြခြင်း။**

အထက်ဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ကျွန်တော်မျာ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** ၏ ပလပ်စတစ်စက်ရုံများတွင် Water Treatment ကို ပူးတွဲပါ အစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်ဟု တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

Water Treatment

1. Water Supply

   The main source of water supply is from its own tube well using resources from ground water at present and also to receive alternative water supply from Government Project.

2. Sewerage and Sanitation

   We possess a sewerage system for the plastic products Manufacturing Factory. However, most of the house domestic waste eater (kitchen and bath room waste water) drains into the river and creeks via drain. YCDC is monitoring on the quality of water discharged and managing to comply good practices as per standing instruction accordingly not to impact environment via rivers and creeks.

   Sewerage disposal from households is predominantly through septic tanks and soak pits with many households releasing their soak pit effluents into drains. As a consequence, the rivers have become polluted. Direct discharge into drain is also a common practice.

3. Drainage

   The drains are placing in Yangon Municipality Area, where the drains are pucker in downtown area. The natural flow of the drains has been blocked due to dumping of garbage in the drains. The wastewater from households and commercial areas also flows down these drains and ultimately draining into the rivers.

   The municipal drain of Yangon either terminates directly in these rivers or into their secondary or tertiary tributaries. It is therefore observed that the natural streams in most part of Yangon are gradually being converted from storm water drains to sewage cannel carrying the sewage of the city long ago. As such there are instances of flooding does occur frequently within. Yangon Area during the rainy season by heavy rain itself or in combination with rising river water level by high tide period at present era.

NGI New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon.Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ (   )ရက်။

အကြောင်းအရာ။ ။ လူမှုရေး အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကို တင်ပြခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်များ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** (New General Industry Co., Ltd.)သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ်–(၁၀၅ အေ + ၁၀၅ မှ ၁၁၁ + ၁၂၁ မှ ၁၃၂ အထိ)တွင်တည်ရှိသော အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်)တွင် နိုင်ငံတကာအဆင့်မီ Plastic Shopping Bags အမျိုးမျိုး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက် အနေဖြင့် လုပ်ငန်းလည်ပတ်မှုမှ ရရှိမည်ဟု ခန့်မှန်းထားသည့် အသားတင်အမြတ်ငွေမှ (၂%)ကို လူမှုရေးအကျိုးပြုလုပ်ငန်း ကိစ္စရပ်များတွင် သုံးစွဲနိုင်ပါရန် ရန်ပုံငွေလျာထားပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

New General Industry Co., Ltd.
No.(151), 9th Floor, Tower (A), Corner of Bogyoke Aung San Road And Wardan Street,(8) Ward, Lanmadaw Township, Yangon. Tel : 95-1-227757~60

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( )ရက်။

အကြောင်းအရာ။ ။ **ရင်းနှီးမြှုပ်နှံမှုကာလအားတင်ပြခြင်း။**

ကျွန်တော်များ **သစ်လွင် အထွေထွေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်** ၏ ပလပ်စတစ်ပစ္စည်း ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်၊ ရောင်းချမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုကာလအား ကနဦးကာလ နှစ်(၅၀)ကို အစပြု၍ဆောင်ရွက်ပြီး နောက်ထပ်(၁၀)နှစ် ထပ်တိုးနှစ်ကြိမ်ဖြင့် စုစုပေါင်းနှစ်(၇၀) ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်းတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

U AUNG MYAT
MANAGING DIRECTOR
NEW GENERAL INDUSTRY CO., LTD.

အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)





အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)


မြောက်ဥက္ကလာမှ ထုတ်လုပ်သည့်


Plastic Shopping Bags များ

ပြည်တွင်း၌ရောင်းချမည့် Plastic Shopping Bags အမျိုးမျိုး










ပြည်တွင်း၌ရောင်းချမည့် Plastic Shopping Bags အမျိုးမျိုး









ပြည်တွင်း၌ရောင်းချမည့် Plastic Shopping Bags အမျိုးမျိုး



အမှတ် (၁) ပလတ်စတစ်စက်ရုံ

မြောက်ဥက္ကလာမှ ထုတ်လုပ်သည့်

ပြည်ပသို့တင်ပို့ရောင်းချမည့် Plastic Shopping Bags



PLASTIC SHOPPING BAGထုတ်လုပ်ပုံ

Blending and Mixing Resins

Plastic shopping bag ထုတ်လုပ်ရန် အဓိကကုန်ကြမ်းဖြစ်သော HDPE (High Density Polyethylene) ၊ LDPE (Low Density Polyethylene) ၊ Linear LDPE ကုန်ကြမ်းများကို တစ်မျိုးတည်းဖြစ်စေ၊ နှစ်မျိုးရောစပ်ပါက သတ်မှတ်အချိုးအစားအတိုင်းရောစပ်ရပါသည်။ ထုတ်ကုန်၏ ကြည်လင်မှု၊ ဆွဲဆန့်အားနှင့်ကြံ့ခိုင်မှု ရရှိစေရန် ဖြည့်စွက်သွယ် ဝိုက်ကုန်ကြမ်းထပ်မံရောစပ်၍ Mixer တွင် ရောစပ်ရပါသည်။ Mixer တွင်ရောစပ်ခြင်းအားဖြင့် Plastic Polymer ၏ Mechanical properties ၊ Physical properties ၊ Chemical properties တိုးတက်ကောင်းမွန်မှုရရှိစေပါသည်။

Extruding

ရောစပ်ထားသည့် Plastic Resin များအား Extruding Machine ခေါ် High Speed Blown Film Machine သို့ပို့ဆောင်ပေးရပါသည်။ Extruding Machine တွင် Plastic Resin များအား ကုန်ကြမ်း အမျိုးအစား အလိုက် အပူချိန်ဖြင့် အရည်ပျော်စေပါသည်။ အရည်ပျော်သွားသည့် Mixer များအား Screw Drive Force ဖြင့် Shopping Bag ထုတ်လုပ်မည့် အရွယ်အစားအလိုက် စက်အတွင်းရှိ Die သို့ ဖြတ်စေပါသည်။ ၎င်း Die မှထွက်ရှိလာသည့် Plastic Film ကို Blower မှလေဖြင့်မှုတ်သွင်း၍ Plastic Bubble ရရှိအောင်ပြုလုပ်ရပါသည်။ Bubble or Tube အား လေဖြင့်အအေးခံ၍ Bubble ပြန့်သွားစေရန် Roller ဖြင့် ရစ်ပတ်းရပါသည်။


Printing

Extruder မှထွက်ရှိသည့် Rolls များအား Printing Machine ဖြင့် Printing ပြုလုပ်ပါသည်။

T-Shirt Bag Making

Extruder မှထွက်ရှိသည့် Plain Rolls (သို့မဟုတ်) Printed Rolls များအား Bag Making Machine သို့ပို့ဆောင်ပေးရပါသည်။ Bag Making Machine တွင် Rolls များအား လိုအပ်သည့်အိတ်ပုံစံများရရှိစေရန် Bottom seal or Side seal ၊ Holes ၊ Handle punching စသည့်ပုံစံများရရှိစေရန် ပြုလုပ်ပေးရပါသည်။ ပုံစံအမျိုးမျိုးထုတ်လုပ်ပြီးသည့်အိတ်များအား သတ်မှတ်ထားသည့်ထုတ်ပိုးပုံစံဖြင့်ထုတ်ပိုး၍ Plastic Shopping Bag ကုန်ချောများရရှိပါသည်။

Plastic Shopping Bagထုတ်လုပ်ပုံအဆင့်ဆင့်




ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှတ် ၄၁၊ [illegible]
သောဘဏီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း–၀၉–၄၃၀၆၇၄၈၀

ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ၂–လမ်း၊ အမှတ် (၄၄/၄၆) တွင် ဖွင့်လှစ်ထားသော NEW GENERAL INDUSTRY CO., LTD. ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။



မှတ်ပုံတင်အမှတ် – ၅၁/၁၃



မှတ်ပုံတင်အမှတ် – ၉၉၂၁/၁၃



မှတ်ပုံတင်အမှတ် – ၉၉၂၂/၁၃



မှတ်ပုံတင်အမှတ် – ၉၉၂၃/၁၃




မှတ်ပုံတင်အမှတ် – ၁၀၁၇၈/၁၃

ကျွန်ုပ်၏အမှုသည်ဖြစ်သူ NEW GENERAL INDUSTRY CO., LTD. သည် (က) ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် – ၅၁/၁၃ ဖြင့် EVER GREEN အမှတ်တံဆိပ် ၊ (ခ) ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် – ၉၉၂၁/၁၃ ဖြင့် DIAMOND WHITE အမှတ်တံဆိပ်၊ (ဂ) ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်–၉၉၂၂/၁၃ ဖြင့် "SKY BLUE" PLASTICS အမှတ်တံဆိပ် ၊ (ဃ) ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်–၉၉၂၃/၁၃ ဖြင့် "NEW RUBY" PLASTICS အမှတ်တံဆိပ်၊ (င) ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်–၁၀၁၇၈/၁၃ ဖြင့် "UNIVERSAL" PLASTICS အမှတ်တံဆိပ် တို့ကို တစ်ဦးတည်းပိုင်အဖြစ် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်များဖြင့် NEW GENERAL INDUSTRY CO., LTD. က "ပလပ်စတစ်အိတ်အမျိုးမျိုး၊ အိတ်ကြီး၊ အိတ်လတ်၊ အိတ်သေး၊ ပလပ်စတစ်နှင့်ပတ်သက်သော ပစ္စည်းအမျိုးမျိုး"တို့ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

NEW GENERAL INDUSTRY CO., LTD. က အထက်ပါကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းပိုင်မှတ်ပုံတင်ပြီးဖြစ်ရာ၊ ဤကုန်အမှတ်တံဆိပ်များအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မည်သူတစ်စုံတစ်ဦးကမျှ ထင်ယောင်ထင်မှား၊ ဆင်တူရိုးမှား၊ ပုံတူပုံးမှား၊ တုပထုတ်လုပ်ရောင်းချခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ထိုသို့ လုပ်ဆောင်သည်များကို တွေ့ရှိပါက တည်ဆဲဥပဒေ များနှင့်အညီ ထိရောက်စွာအရေးယူရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ဦးဇော်မင်းစိန် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၀၃)
၅၆၁ (ပ–ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုံး ၂၄၅၄၀၀၊ အိမ်ဖုန်း – ၅၀၀၀၄၃၊ ၀၉ ၅၁၇၅၁၁၇



<u>ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်အဖြစ်သုံးစွဲရန်</u>

<u>မှတ်ပုံတင်သွင်းကြေညာခြင်း</u>

ရက်စွဲ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်။

(၃)ရက်နေ့တွင် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ အောက်ဖော်ပြပါ New General Industry Co. ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ တစ်ဦးတည်းမူပိုင်အဖြစ် ...

။ New General Industry Co., Ltd.
ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၁၈၈/၂၀၁၀-၂၀၁၁ (ယာယီ)
အမှတ်(၄၇)၊ ၆-လွှာ၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
New General Industry Co., Ltd. ဒါရိုက်တာအဖွဲ့ဝင် (၃၁.၁၂.၂၀၁၂) နေ့စွဲပါ အစည်းအဝေးခွင့်ပြုချက်အရ -
ဦးတင်အောင် (၁၂/စခန(နိုင်)၀၁၆၂၉၂)
အမှတ် (၄၇)၊ ၆-လွှာ၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
မှ လက်မှတ်ရေးထိုး မှတ်ပုံတင်သွင်းခြင်းဖြစ်ပါသည်။

General Industry Co., Ltd. သည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ အထက်ဖော်ပြပါ လိပ်စာ... ပြီး မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။

<u>တံဆိပ်အမည်အမှတ်အသား</u>



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေနှစ်ရာ့ငါးဆယ်ကျပ်
K 250

းသည် အနီ၊ အပြာ၊ အဝါ၊ အစိမ်း လေးရောင်ပါရှိပြီး အပြာရောင်လေးထောင့်ဘောင်ကွပ် ထားသည့် တံဆိပ်အလယ်တွင် ငှင်းသစ်ရွက်စိမ်း၏အပေါ်ဘက်နေရာတွင် အနီရောင်အင်္ဂလိပ်စာလုံး "EVER GREEN" ဖော်ပြပါရှိပြီး ဒီဇိုင်း၏ ်လိပ်စာလုံး L.D.P.E နှင့် အပြာရောင်အင်္ဂလိပ်စာလုံး Class A, 100 PIECES ၊ အနီရောင်ဘောင်ကွပ်ထားသော ှင်းတွင် ထုပ်ပိုးအရွယ်အစားဖော်ပြချက်များ တစ်ဘက်တစ်ချက်စီပါရှိသည့် အမှတ်အသားဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီမှ မူပိုင်အဖြစ်သုံးစွဲ၍ ပလပ်စတစ်အိတ် (Shopping Bag) များ[illegible] ုပ်ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ပါသည်။


Co., Ltd. သည် ပလတ်စတစ်အိတ် (Shopping Bag) များကို ဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် ပလတ်စတစ်အိတ်များ ဆယ်ထုပ်များ နှင့် ထုပ်ပိုးပစ္စည်းအရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ ငွေပေးငွေရပြေစာများပေါ်တွင် ကပ်နှိပ်၊ ၏။

က်အသားကို New General Industry Co., Ltd. မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အများက ဖြစ်စေ၊ ။ ပုံတူသော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ည့်ကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးသမျှနှင့် အရပ်ရပ်ကုန်ကျစရိတ်ငွေကြေးငွေ ပ မည်သည့်တရားရုံးတော်များတွင်မဆို ရာဇဝတ်ကြောင်း၊ တရားမကြောင်းများဖြင့် တရားစွဲဆို၍ လျော်ကြေးငွေများ ည့်ရှုယ်ပြီး ဤတံဆိပ် အမှတ်အသားကို တရားဝင်မှတ်ပုံတင်သွင်း ကြေညာခြင်းဖြစ်ပါသည်။

ည် New General Industry Co., Ltd. ၏ မူပိုင်အဖြစ် ပိုင်ဆိုင်ကြောင်း၊ အောက်ပါ အသိသက်သေများရှေ့တွင် ဆိုး ကြေညာပါသည်။

မှတ်ပုံတင်သွင်းကြေညာသူ

New General Industry Co., Ltd.
(31.12.2012)နေ့စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ
ဦးတင်အောင်မှ လက်မှတ်ရေးထိုးပါသည်။



“ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုမိမိတစ်ဦးတည်း မူပိုင်အဖြစ်
သုံးစွဲရန် မှတ်ပုံတင်သွင်းခြင်းကြေညာခြင်း ဝန်ခံမြွက်ဟကြေငြာစာချုပ်”

၂၀၁၃–ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ အောက်အမည်ပါသူမှ
ါနိုပ်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် အတွက် မှတ်ပုံတင်
င်းကြေငြာသည်မှာ–

ာ်ပုံတင်သွင်းကြေငြာသူ ။ ။ ဦးတင်အောင် (ဘ) ဦးချက်
၁၂/စခန(နိုင်)၀၁၆၂၉၂
အမှတ်(၄၇)၊ ၆–လွှာ၊ ဗဟိုစည်အိမ်ရာ၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

“ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား”

Sky Blue

Plastics

5 x 9 100 Pcs

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှာ“ **Sky Blue**” Plastics
ဟသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါသည်။

အဆိုပါတံဆိပ်အမည်အမှတ်အသားမှာ ယနေ့ထက်တိုင်အောင် မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်သုံးစွဲနေ
ည်များကိုမတွေ့၊ မမြင်၊ မကြားရသေးပါ။ မိမိ၏မူပိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော ကုန်အမှတ်တံဆိပ်
ည်အမှတ်အသားဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၁ကျပ် ငွေတစ်ကျပ် K 1

- ၂ -

(စ) တော်ဝင်ဟိန်းကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း) အပိုဒ် ၁၃ (င) တွင် အဆောက်အဦများထပ်မံဆောက်လုပ်ဆောင်ရွက်မည်ဆိုပါက "ငှားရမ်းခ တိုးမြှင့်ပေးရန်" ဖော်ပြထားရာ အဆောက်အဦတစ်ခုအတွက် တိုးမြှင့်လိုသည့် နှုန်းထားကို နောင်တွင်အငြင်းပွားမှုမရှိစေရန် ကြိုတင်သတ်မှတ်ထားသင့်ပါသည်။ အဆောက်အဦအသစ် ထပ်မံဆောက်လုပ်မည်ဆိုပါက ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(ဆ) တော်ဝင်ဟိန်းကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း) အပိုဒ် ၁၅ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း စည်းကမ်းချက်အား ပိုမိုပြည့်စုံမှုရှိစေရန်

အတွက် အလားတူစာချုပ်များတွင် အသုံးပြုလေ့ရှိသည့်စာပိုဒ်ကို Slip ကပ်ပေးလိုက်ပါသည်၊

(ဈ) တော်ဝင်ဟိန်းကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း) အပိုဒ် ၂၇ နှင့် တတိယစာကြောင်းတွင် "ယင်းဆွေးနွေးသည့်အချိန်ကာလမှစ၍ နောင်ထပ်မံငှားရမ်းသူရရှိသည့်အချိန်ထိ --------- ငှားရမ်းခနှင့် အခြားစရိတ်များအားလုံးကို ကျခံဆောင်ရွက်ပေးရမည်" ဟု ဖော်ပြထားရာ နောင်ထပ်မံငှားရမ်းမည့်သူကို အချိန်မီမရရှိသည့်အခါ မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်းကို ဌာနအနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်၊

(ဉ) စာချုပ်(မူကြမ်း)များတွင် မြေနှင့် စက်ရုံငှားရမ်းခြင်းဖြစ်သည့်အတွက် မြေအသုံးချမှုပရီမီယံကြေး (Land Use Premium) ရယူရန်သင့် မသင့် ဌာနမှ စဉ်းစားသင့်ပါသည်၊

(ည) တော်ဝင်ဟိန်းကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း) အပိုဒ် ၃၀ နှင့် ကျန်ကုမ္ပဏီများနှင့် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)များ အပိုဒ် ၂၈ တွင် ငှားရမ်းထားသောပစ္စည်းများအားလုံးကို အငှားချထားသူ၏ လက်ဝယ်ပြန်လည်အပ်နှံရေးနှင့်စပ်လျဉ်း၍ "အထက်အပိုဒ် (၂၂)ပါအတိုင်း" ဟုရည်ညွှန်းထားပါသည်။ တော်ဝင်ဟိန်းကုမ္ပဏီလီမိတက် နှင့် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)မှအပ စာချုပ်(မူကြမ်း)များ၏ အပိုဒ် ၂၂ မှာ မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ စည်းကမ်းချက်ဖြစ်ပါသဖြင့် ရည်ညွှန်းအပိုဒ်များ မှန်ကန်မှုရှိစေရေး ဌာနမှ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဋ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ဖြည့်စွက်ပေးလိုက်ပါသည်။

၆။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရအစိုးရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရှိသေးလျှင် တံဆိပ်ခေါင်းအက်ဥပဒေအရ ကျသင့်သောတံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူများက ထမ်းဆောင်ရမည်ဖြစ်ပါသည်။

လျှို့ဝှက်
၆

၇။ ဤစာချုပ်(မူကြမ်း)များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကိုဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၈။ မြတ်မိဘကုမ္ပဏီလီမိတက်၊ Mother Trading Co., Ltd ၊ တော်ဝင်မဟိန်းကုမ္ပဏီလီမိတက်တို့သည်ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီများဟုတ် မဟုတ်၊ စာချုပ်များပါလုပ်ငန်းကို လုပ်ကိုင်နိုင်ခွင့်နှင့် လုပ်ကိုင်နိုင်စွမ်း ရှိ မရှိ၊ ငွေကြေးအင်အား ပြည့်စုံမှုရှိ မရှိ၊ စာချုပ်များတွင် လက်မှတ်ရေးထိုးမည့်သူများသည် တရားဝင်လွှဲအပ်ခြင်းခံရသူများ ဟုတ် မဟုတ် စသည့်အချက်များနှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၉။ ဤစာချုပ်(မူကြမ်း)များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ စာချုပ်မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၀။ ဤအကြံပြုချက်ကို လျှို့ဝှက်အဆင့်သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ကျော်ဆန်း)
ညွှန်ကြားရေးမှူးချုပ်

စက်မှုဝန်ကြီးဌာန

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

လျှို့ဝှက်

Annex - 14

စက်မှုဝန်ကြီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

နှင့်

New General Industry Co., Ltd.

တို့

ချုပ်ဆိုသော

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) ၏
မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦနှင့် စက်ပစ္စည်းများအား
ငှားရမ်းသည့် သဘောတူစာချုပ်

၂၀၁၅ ခုနှစ်

နေပြည်တော်

စက်မှုဝန်ကြီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

နှင့်

New General Industry Co., Ltd.

တို့၏

အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်)၏

မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ နှင့် စက်ပစ္စည်းများအား

ငှားရမ်းသည့်သဘောတူစာချုပ်

ဤ ငှားရမ်းခြင်းသဘောတူစာချုပ် (နောင်တွင် **"သဘောတူစာချုပ်"** ဟုခေါ်တွင်မည်) ကို နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ( )ရက်နေ့၌ ဦးသန့်စင် ၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော **" မြန်မာ့ဆေးဝါးလုပ်ငန်း "** ၊ စက်မှုဝန်ကြီးဌာန (နောင်တွင် **'အငှားချထားသူ'** ဟု ခေါ်တွင်စေပြီး ယင်းဖော်ပြချက်တွင် ၎င်းအား ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) က တစ်ဖက်

နှင့်

အမှတ်(၃၇)၊ ဝေဇယန္တာလမ်း ၊ ၉ ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးအောင်မြတ် (၁၂/ဥကတ(နိုင်)၀၂၃၀၃၉) ၊ Managing Director ကိုယ်စားပြုသော**"New General Industry Co.,Ltd."** အမှတ်(၁၅၁)၊ ၉ လွှာ ၊ Tower(A) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့် ၊ ၈ ရပ်ကွက် ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(နောင်တွင် **"အငှားချထားခြင်းခံရသူ"** ဟု ခေါ်တွင် စေပြီး၊ ယင်းစကားရပ်တွင် ၎င်းတို့အား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) က အခြားတစ်ဖက်တို့သည် -

(က) (၁၉-၁၂-၂၀၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန ၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးအမှတ်စဉ်(၁၉/၂၀၁၃-၂၀၁၄) နှင့် (၂၀-၂-၂၀၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ ၏ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၄) တို့မှ (၂၅+၅+၅) သက်တမ်းဖြင့် ငှားရမ်းခွင့်ပြုခဲ့ခြင်းကြောင့် တစ်ကြောင်း ၊

(ခ) "Mother Trading Co.,Ltd" **အစား** "New General Industry Co.,Ltd" အမည်ဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ကို ၂၀၁၅ ခုနှစ် ၊ မေ လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန ၊ ပစ္စည်းဝယ်ယူရောင်းချရေး နှင့် ဘဏ္ဍာရေး ဆိုင်ရာကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၅-၂၀၁၆)မှ သဘောတူ ခွင့်ပြုခဲ့ပြီး ဖြစ်သဖြင့် "Mother Trading Co.,Ltd" **အစား** " New General Industry Co., Ltd" အမည်ဖြင့် ပြောင်းလဲ ဆောင်ရွက်လိုခြင်းကြောင့် တစ်ကြောင်း၊

(ဂ) ယခုအခါငှားရမ်းသက်တမ်းအား ကနဦးနှစ်(၅၀)နှင့် သက်တမ်းတိုးခြင်း (၁၀)နှစ် (၂)ကြိမ် အဖြစ် (၁ - ၇ - ၂၀၁၂) ရက်နေ့မှစ၍ BOT စနစ်ဖြင့် ပြောင်းလဲ ငှားရမ်းလိုခြင်းကြောင့်တစ်ကြောင်း၊ တို့ကြောင့် အောက်ပါ စည်းကမ်းချက်များကို သတ်မှတ်၍ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို ကြပါသည်။

ရည်ရွယ်ချက်

၁။ **"အငှားချထားသူ"** ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ၊ သုဓမ္မာလမ်း၊ အမှတ်(၁၀၅/၁၁၁)ရှိ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) ကို **"အငှားချထားခြင်းခံရသူ"** မှ ငှားရမ်းပြီး ပလတ်စတစ် ရီတင်အမျိုးမျိုး၊ သားရေတုနှင့် ဘိလပ်မြေအိတ်ခွံများ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း လုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ဤစက်ရုံငှားရမ်းသည့် သဘောတူစာချုပ်ကို ချုပ်ဆိုခြင်းဖြစ်သည်။

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၂။ "အငှားချထားသူ"သည် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသော အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)၏ စက်ရုံ၊မြေနှင့်အဆောက်အဦများကို တရားဝင်ပိုင်ဆိုင်သူဖြစ်ပါသည်။ "အငှားချထားခြင်းခံရသူ" သည် စာချုပ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးပြည့်စုံပြီး စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသူဖြစ်သည်။ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူများသည် ဤစာချုပ်တွင် လက်မှတ် ရေးထိုးရန် အခွင့်အာဏာရှိသူ ဖြစ်ကြောင်းကို အသီးသီးအာမခံကြပါသည်။

အငှားချထားမည့်ပစ္စည်းများ

၃။ **"အငှားချထားခြင်းခံရသူ"** သည် အောက်ဖော်ပြပါ **"အငှားချထားသူ"** ပိုင် စက်ရုံ၊ မြေ၊ အဆောက်အဦများ နှင့် အခြားယာဉ်များကို ငှားရမ်း၍ ပလတ်စတစ်ရှိတင်အမျိုးမျိုး၊ သားရေတုနှင့် ဘိလပ်မြေအိတ်ခွံများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) စက်ရုံအမည်နှင့် တည်နေရာ	-	**အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)** အမှတ်(၁၀၅/၁၁၁)သုဓမ္မာလမ်း ၊ မြောက်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။	
(ခ) မြေ(ဧက)	-		**၉.၈၃ ဧက**
		ပင်မစက်ရုံ	၈.၄၅ဧက
		ဝန်ထမ်းအိမ်ယာ	၁.၃၈ဧက
(ဂ) တည်နေရာပြမြေပုံ	-	နောက်ဆက်တွဲ (က)	
(ဃ) အဆောက်အဦများ	-	နောက်ဆက်တွဲ (ခ)	
(င) စက်ပစ္စည်း	-	နောက်ဆက်တွဲ (ဂ)	
(စ)ရုံးသုံးစက်နှင့် စက်ကိရိယာ	-	နောက်ဆက်တွဲ (ဃ)	
(ဆ) ရုံးသုံးပရိဘောဂ	-	နောက်ဆက်တွဲ (င)	

၄

ငှားရမ်းမည့်အချိန်ကာလ

၄။ BOT စနစ်ဖြင့် ငှားရမ်းမည့်အချိန်ကာလ ကနဦးနှစ်(၅၀)မှာ ၂၀၁၂ ခုနှစ် ၊ ဇူလိုင်လ (၁)ရက်နေ့ မှ ၂၀၆၂ ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့အထိ ဖြစ်ပါသည်။ ထပ်မံ သက်တမ်းတိုးခြင်းကို တစ်ကြိမ်လျှင် (၁၀)နှစ်စီဖြင့် သက်တမ်းတိုး(၂)ကြိမ် ဆောင်ရွက်နိုင်သည်။ ထပ်မံ သက်တမ်းတိုး ဆောင်ရွက်ခြင်းကို စက်မှုဝန်ကြီးဌာနမှတဆင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ အတည်ပြု ချက် တင်ပြဆောင်ရွက်ရမည် ဖြစ်သည်။

စာချုပ်သက်တမ်း

၅။ BOT စနစ်ဖြင့် ဆောင်ရွက်မည့် စာချုပ်သက်တမ်းမှာ ၂၀၁၂ ခုနှစ် ၊ ဇူလိုင်လ(၁)ရက်နေ့ မှ ၂၀၆၂ ခုနှစ် ၊ ဇွန်လ (၃၀)ရက်နေ့အထိ ဖြစ်ပါသည်။ ပထမအကြိမ်(၁၀)နှစ် သက်တမ်းတိုးမှာ ၂၀၆၂ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့ မှ ၂၀၇၂ ခုနှစ်၊ ဇွန်လ(၃၀) ရက်နေ့ထိ ဖြစ်ပြီး၊ ဒုတိယအကြိမ် (၁၀)နှစ် သက်တမ်းတိုး မှာ၂၀၇၂ ခုနှစ်၊ ဇူလိုင်(၁)ရက်နေ့မှ ၂၀၈၂ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့ထိ ဖြစ်သည်။

ငှားရမ်းခနှုန်းထားများ

၆။ ငှားရမ်းခနှုန်းထားမှာ အပိုဒ်(၃)ပါ မြေ ၊ အဆောက်အဦများ၊ စက်ပစ္စည်း၊ ရုံးသုံးစက်နှင့် စက်ကိရိယာ၊ ရုံးသုံးပရိဘောဂများ အပါအဝင် အမှတ်(၁) ပလတ်စတစ် စက်ရုံ(ရန်ကုန်)၏ တစ်နှစ် ငှားရမ်းခမှာ ကျပ် ၁၈၃.၆၀၀သန်း၊ (ကျပ်တစ်ရာ ရှစ်ဆယ့်သုံးသန်းခြောက်သိန်းတိတိ) ဖြစ်ပါသည်။

၇။ နောင်လာမည့်နှစ်များတွင် ငှားရမ်းခကို (၂)နှစ်(၁) ကြိမ် ပြန်လည် သုံးသပ်၍ နောက်ဆုံး ငှားရမ်းခ၏ (၂% မှ ၅%) အတွင်း မပို မလျော့နည်းစေရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ နှစ်ဖက်သဘောတူညီချက်ဖြင့် ငှားရမ်းခပြင်ဆင်သတ်မှတ်ခြင်းကို **စက်မှုဝန်ကြီးဌာန** ၊ **စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး**သို့ တင်ပြအတည်ပြု ချက်ရယူ ဆောင်ရွက်ရမည် ဖြစ်သည်။

ငှားရမ်းခပေးသွင်းခြင်း

၉။ ယခုစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ (၃)လအတွက် ငှားရမ်းခကျသင့်ငွေကို (၃)လ လျှင် တစ်ကြိမ် ပထမလ၏ (၁၅)ရက် အတွင်းပေးသွင်းရမည်။

နောက်ကျကြေးပေးသွင်းခြင်း

၁၀။ **"အငှားချထားခြင်းခံရသူ"**သည် ယခုစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ပထမလ ၏ (၁၅)ရက်အတွင်း ပေးသွင်းရမည့် (၃)လအတွက် ငှားရမ်းခအား ပေးသွင်းရန် ပျက်ကွက်ပါက နောက်ကျကြေး အဖြစ် တစ်လနောက်ကျတိုင်း(၃)လအတွက် ပေးသွင်းရမည့်ငွေ၏ (၀.၅%) (သုည ဒသမ ငါးရာခိုင်နှုန်း)ကို ဒဏ်ကြေးအဖြစ် သတ်မှတ်၍ နောက်ကျသည့်ရက်အတိုင်း တွက်ချက်ပေး ဆောင်ရမည်။

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ **"အငှားချထားခြင်းခံရသူ"**၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) စက်ရုံ မြေ ၊ အဆောက်အဦများ၊ စက်ပစ္စည်း ၊ ရုံးသုံးစက်နှင့်စက်ကိရိယာ ၊ ရုံးသုံးပရိဘောဂများနှင့် ပတ်သက်၍ နောက်ဆက်တွဲပါ အတိုင်း အသုံးပြု နိုင်သည်။

(ခ) အကယ်၍ အသုံးပြုလိုခြင်းမရှိသော ပစ္စည်းများရှိပါက **"အငှားချထားသူ"** သို့ ညှိနှိုင်း၍ စနစ်တကျလွှဲပြောင်းပေးနိုင်သည်။

(ဂ) **" အငှားချထားခြင်းခံရသူ "** ၏ လုပ်ငန်းနှင့် မကိုက်ညီသော မူလအဆောက်အဦကို ပြုပြင်ရန် (သို့) ဖြိုဖျက်ရန်အလို့ငှာ **"အငှားချထားသူ"**၏ သဘောတူခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်နိုင်သည်။

(ဃ) **" အငှားချထားခြင်းခံရသူ "** သည် လုပ်ငန်းတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း ၊ မွမ်းမံခြင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းများကို **"အငှားချထားသူ"** ၏ စာဖြင့် ရေးသား ထားသည့် သဘောတူခွင့်ပြုချက်များ ရရှိ မှသာ ဆောင်ရွက်နိုင်သည်။

(င) **“အငှားချထားခြင်းခံရသူ”** သည် ငှားရမ်းချိန်ကပါရှိသော အဆောက်အဦများမှ အပ မြေလွတ်များတွင် စီးပွားရေးဆိုင်ရာ အဆောက်အဦများ ထပ်မံဆောက်လုပ် ဆောင်ရွက်မည်ဆိုပါက ငှားရမ်းခတိုးမြှင့်ပေးဆောင်ရမည်။

(စ) စက်ရုံရှိ စာချုပ်ပါ ငှားရမ်းသည့် အဆောက်အဦများ၊ စက်ပစ္စည်းကိရိယာများ ၊ ရုံးသုံးစက်နှင့်စက် ကိရိယာ၊ ရုံးသုံးပရိဘောဂများ ၊ မော်တော်ယာဉ်နှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းမှုများကို **“အငှားချထားခြင်းခံရသူ”**မှ တာဝန်ယူဆောင်ရွက် ရမည်။

(ဆ) **“အငှားချထားခြင်းခံရသူ”** သည် ငှားရမ်းခငွေများကို ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်နှင့်အညီ သတ်မှတ်ထားသည့် အချိန်အတွင်း **“အငှားချထားသူ”** ထံ မှန်မှန်ကန်ကန် ပေးသွင်းရမည်။

(ဇ) စက်ရုံအား စတင်ငှားရမ်းသည့်အချိန်ရှိ စက်ရုံနှင့် ပတ်သက်သည့် ဌာနအလိုက် စာရွက် စာတမ်းများ ၊ စာရင်းများကို စာရင်းစစ် အစစ်ဆေးခံနိုင်ရန်နှင့် အခြား လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် စက်ရုံနောက်ချန်အဖွဲ့မှ စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

(ဈ) အငှားချထားသည့် ပစ္စည်းအားလုံးကို လျော်ကန်သင့်မြတ်သော သတိဝီရိယဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းထားရမည်။ လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ သုံးစွဲပြီး မီးဘေးကာကွယ်ရေး အစီအမံများ လုံလောက်စွာ ထားရှိရမည်။

(ည) အငှားချထားသည့် ပစ္စည်းများကို တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့မဟုတ် တနည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း စသည်တို့ လုံးဝ မပြုလုပ်ရ။

(ဋ) **“အငှားချထားခြင်းခံရသူ”**သည်အငှားချထားသည့်ကာလအတွင်း **“အငှားချထားသူ”** မှလည်းကောင်း၊ **“အငှားချထားသူ”** က နည်းလမ်းတကျ လုပ်ပိုင်ခွင့်ပေးထားသော ကိုယ်စားလှယ်များကိုလည်းကောင်း လိုအပ်ပါက ဝင်ရောက်လေ့လာခြင်း ၊ စစ်ဆေး ခြင်းများ ဆောင်ရွက်ခြင်းရှိပါက ခွင့်ပြုရမည်။

(ဌ) အငှားချထားသည့် ပစ္စည်းများနှင့် ပတ်သက်၍ မြေခွန်မှအပ သက်ဆိုင်သည့် အခွန်အခ အမျိုးမျိုးကို ကျခံပေးဆောင်ရမည်။

(ဍ) အငှားချထားသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အလုံးစုံသော အာမခံကို မြန်မာ့ အာမခံလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ မပျက်မကွက် ထားရှိ ဆောင်ရွက်ရမည်။

(ဎ) ဤသဘောတူစာချုပ် သက်တမ်းကုန်သည့်အခါ အငှားချထားသည့် စက်ရုံကို မူလ ငှားရမ်းစဉ်က အခြေအနေထက် မလျော့ဘဲ ထိန်းသိမ်းထားရမည်။ သို့ရာတွင် အကျိုး အကြောင်းဆီလျော်မှုရှိသော ပျက်စီးမှုများအတွက် ပြောင်းလဲမှုများကို ခွင့်ပြု လက်ခံ နိုင်သည်။

(ဏ) အငှားချထားသည့် စက်ရုံတွင် တပ်ဆင်မှုများ ၊ ပုံစံပြောင်းလဲမှုနှင့် တိုးချဲ့မှုများ အားလုံးသည် ငှားရမ်းခြင်းစာချုပ် သက်တမ်းကုန်ဆုံးသည့် အချိန် / စာချုပ်ရုပ်စဲ သည့်အချိန်တွင် အခကြေးငွေပေးရန် မလိုဘဲ **"အငှားချထားသူ"**ပိုင် ပစ္စည်းများ အလိုအလျောက် ဖြစ်လာရမည်။အကယ်၍ မိမိ တပ်ဆင်ထားသော ပစ္စည်းအား အငှားချထားသည့် အဆောက်အဦ လွှဲပြောင်းချိန်တွင် ပြန်လည် ဖြုတ်ယူ သွားလို ပါက ယင်းပစ္စည်းများအား တပ်ဆင်ခြင်းမပြုမီကတည်းက နှစ်ဖက်ညှိနှိုင်း အတည် ပြုချက် ရယူထားရမည်။ သို့ရာတွင် လေအေးပေးစက်များ၊ လျှပ်စစ်ထုတ်စက်များ နှင့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုမူ ထားခဲ့ရန်မလိုဘဲ ဖြုတ်ယူသွားနိုင် သည်။

(တ) စက်ရုံမှထုတ်ကုန်များအား ပြင်ပဈေးကွက်တွင် မိမိကြိုက်နှစ်သက်သည့် ဈေးနှုန်း ဖြင့် လွတ်လပ်စွာ ရောင်းချခွင့်၊ သိုလှောင်ခွင့်၊ သယ်ယူခွင့်ရှိသည်။

(ထ) **"အငှားချထားခြင်းခံရသူ"** သည် အငှားချထားသည့် စက်ရုံတွင် ခွင့်ပြုထားသည့် လုပ်ငန်းမှအပ တရားဥပဒေနှင့်မညီညွတ်သော လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက် ခြင်း မပြုရ။

(ဒ) **"အငှားချထားခြင်းခံရသူ"** သည် မူလလုပ်ငန်းအပြင် နိုင်ငံတော်မှ ခွင့်ပြုထားသော အခြားလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လိုပါက " **အငှားချထားသူ** " ၏ သဘောတူခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်။

(ဓ) **"အငှားချထားခြင်းခံရသူ"**မှ ဆောင်ရွက်မည့်စာချုပ်ပါလုပ်ငန်းအတွက်သက်ဆိုင်ရာ ဌာန ဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် အထောက်အထားများထားရှိပြီး **"အငှားချ ထားသူ"** ထံ မိတ္တူတစ်စုံ အပ်နှံထားရမည်။

(န) **"အငှားချထားခြင်းခံရသူ"** သည် လုပ်ငန်းများကို တိုးချဲ့ရာတွင် ပြည်တွင်း ၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ လုပ်ကိုင် ဆောင် ရွက် ရမည်။

(ပ) အငှားချထားသည့် အဆောက်အဦများအတွင်း ပျက်စီးစေတတ်သည့် ဓာတုဗေဒ ပစ္စည်းများ ၊ မီးလောင်လွယ်စေတတ်သော ပစ္စည်းများအား သိုလှောင်ခြင်းမပြုရ။

(ဖ) **"အငှားချထားခြင်းခံရသူ"**သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ သတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရမည်။

(ဗ) **"အငှားချထားခြင်းခံရသူ"** သည် ပတ်ဝန်းကျင်အနှောင့်အယှက် အန္တရာယ်ဖြစ်စေ မည့် အကြောင်းအချက်များကို ကြိုတင်ကာကွယ်တားဆီး၍ ဖြစ်ပွားပါက ပြီးဆုံး သည့်တိုင်အောင် တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။

(ဘ) နိုင်ငံတော်မှ သတ်မှတ်ထားသော သက်ဆိုင်ရာ ဥပဒေများ၊ ဒေသဆိုင်ရာ လူမှုဘဝ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **"အငှားချ ထားခြင်းခံရသူ"** မှ တာဝန်ယူ ဖြေရှင်းရမည်။

(မ) စာချုပ်ချုပ်ဆိုပြီး စာချုပ်မိတ္တူမှန်အား " **အငှားချထားခြင်းခံရသူ**"မှ ထိန်းသိမ်းထား ရမည်။

(ယ) ငှားရမ်းခများပေးသွင်းရာတွင် ကုန်သွယ်ခွန် (၅) % အား သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့ မြန်မာ့ဆေးဝါးလုပ်ငန်းအမည်ဖြင့် ပေးသွင်းရန်နှင့် ပေးသွင်းပြီး ချလံမိတ္တူနှင့်အတူ ငှားရမ်းခများကို ပေးသွင်းရမည်ဖြစ်သည်။

"အငှားချထားသူ"၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ **"အငှားချထားသူ"**၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်ပါ သည်-

(က) **"အငှားချထားခြင်းခံရသူ"** အား နောက်ဆက်တွဲများပါ အငှားချထားသည့်ပစ္စည်း များကို အသုံးပြုခွင့်ပေးရမည်။

(ခ) စက်ရုံတွင် တပ်ဆင်ထားပြီးသော လျှပ်စစ် ၊ ရေ ၊ တယ်လီဖုန်း တို့ကို **"အငှားချထား ခြင်းခံရသူ"** အား ဆက်လက်အသုံးပြုခွင့်ပြုရမည်။

(ဂ) အငှားချထားသည့် စက်ရုံ၏အခြေအနေများကို နည်းလမ်းတကျ လုပ်ပိုင်ခွင့် ပေးအပ်သော **"အငှားချထားသူ"** ၏ ကိုယ်စားလှယ်များအား အခါအားလျော်စွာ စေလွှတ်၍ စစ်ဆေးရသည်။

(ဃ) စက်ရုံအတွက်ကျသင့်သည့် မြေခွန်ကို ပေးဆောင်ရမည်။

(စ) **"အငှားချထားခြင်းခံရသူ"** ၏ လုပ်ငန်းနှင့် မကိုက်ညီကြောင်း ညှိနှိုင်းတင်ပြလာ သည့် မူလအဆောက်အဦကို ရှင်းလင်းရန် စက်မှုဝန်ကြီးဌာနသို့ တင်ပြ၍ စီမံ ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) စက်ရုံအား စတင်ငှားရမ်းသည့်အချိန်ရှိ စက်ရုံနှင့် ပတ်သက်သည့် ဌာနအလိုက် စာရွက်စာတမ်းများ၊ စာရင်းများကို စာရင်းစစ်အစစ်ဆေးခံနိုင်ရန်နှင့် အခြားလိုအပ် သည်များ ဆောင်ရွက်နိုင်ရန် **"အငှားချထားခြင်းခံရသူ"** နှင့်ညှိနှိုင်း၍ စနစ်တကျ ထိန်းသိမ်းထား ရှိ ရမည်။

(ဇ) အငှားချထားသည့် စက်ရုံ ဧရိယာအတွင်း **"အငှားချထားခြင်းခံရသူ"** လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ **"အငှားချထားခြင်းခံရသူ"** အခက်အခဲများကို သက်ဆိုင်ရာဌာနများ သို့ **"အငှားချထားခြင်းခံရသူ"** တို့နှင့် ညှိနှိုင်း၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၃။ **"အငှားချထားခြင်းခံရသူ"** သည်ဆောက်လုပ်ထားသောအဆောက်အဦများနှင့်လုပ်ငန်းစဉ်စွန့်ပစ်ပစ္စည်းများကြောင့် ၎င်းတို့၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဘေးအန္တရာယ်ကျရောက်မှုနှင့် ညစ်ညမ်းမှုတို့မှ ကာကွယ်ရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရမည်။ ထို့ပြင် လေထု ၊ ရေထုနှင့် မြေထုများ ညစ်ညမ်းခြင်းနှင့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးခြင်းအား ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရမည်။ ရေများသန့်စင်နိုင်သောစက်များ တပ်ဆင်ပေးခြင်း ၊ လေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန် အခိုးအငွေ့နှင့်အညစ်အကြေးစွန့်အစိတ်အပိုင်းများကို လုံခြုံစွာ ထားရှိပေးခြင်းဖြင့် အခြားသော ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်သော အကာအကွယ်အစီအစဉ်များ ဆောင်ရွက်ရမည်။ ထို့အပြင် လုပ်ငန်း ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာမည့် မည်သည့်လျော်ကြေးတောင်းဆိုမှုမျိုးကိုမဆို **"အငှားချထားသူ"** အပေါ်တွင် တာဝန်မရှိစေရ။

ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၁၄။ ဤသဘောတူစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း သက်ဆိုင်ရာအစိုးရဌာန၊ အာဏာပိုင် အဖွဲ့အစည်းများထံမှ ရယူရန်လိုအပ်သော အတည်ပြုချက်များ၊ ခွင့်ပြုမိန့်များရရှိပြီးမှသာ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ပါသည်။

အာမခံထားရှိခြင်း

၁၅။ **"အငှားချထားခြင်းခံရသူ"** သည် စာချုပ်လက်မှတ်ရေးထိုးပြီးနောက် ရက်(၃၀)အတွင်း တစ်နှစ်စာငှားရမ်းခ၏ ၁၀ % နှင့်ညီမျှသော တန်ဖိုးအား လုပ်ငန်း ဆောင်ရွက်မှု အာမခံ စပေါ်ငွေ (Performance Bank Guarantee)အဖြစ် မြန်မာ့ဆေးဝါးလုပ်ငန်းသို့ ပေးသွင်းထားရှိရမည်။ Performance Bank Guarantee ကို ငှားရမ်းသက်တမ်းအတိုင်း တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးဆောင်ရွက်ရန်နှင့် စာချုပ်သက်တမ်းပြီးဆုံး၍ **"အငှားချထားသူ"** ထံ စက်ရုံအား ပြန်လည်အပ်နှံပြီးပါက ယင်းအာမခံ စပေါ်ငွေကို **"အငှားချထားခြင်းခံရသူ"** သို့ ပြန်လည် ထုတ်ပေးမည် ဖြစ်သည်။

စာချုပ်ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း

၁၆။ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်း လိုအပ်ချက်အရ သို့မဟုတ် ဤစာချုပ်တွင် မပါရှိသည့်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် စာချုပ်ဝင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းခွင့်ရှိစေရမည်။

စာချုပ်သက်တမ်းတိုးခြင်း

၁၇။ **"အငှားချထားခြင်းခံရသူ"** သည် ဤသဘောတူစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက် အငှားချထားသည့် စက်ရုံ(မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦနှင့် စက်ပစ္စည်းများ)ကို ဆက်လက် ငှားရမ်းလိုပါက နောက်ထပ် ငှားရမ်းလိုသည့် ကာလနှင့် ငှားရမ်းခနှုန်းထားများကို ဖော်ပြလျက် စာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် **"အငှားချထားသူ"** ထံ စာချုပ်သက်တမ်း မကုန်ဆုံးမီ(၃)လ ကြိုတင်၍စာဖြင့်တင်ပြရမည်။ ငှားရမ်းသက်တမ်းတိုးမြှင့်ခြင်း၊ ငှားရမ်းခနှုန်းထား ပြင်ဆင်ခြင်း တို့သည် **စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး**၏ အတည်ပြုချက်ရရှိမှသာ အတည် ဖြစ်စေရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၁၈။ ဤစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် နှစ်ဦးနှစ်ဖက်ဖြေရှင်းကြရမည်။ ထိုကဲ့သို့မဖြေရှင်းနိုင်ပါက ဥပဒေနှင့် အညီ သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

သယံဇာတပစ္စည်းဆိုင်ရာကိစ္စ

၁၉။ ဤစာချုပ်၏ သက်တမ်းအတွင်း ယခုလုပ်ငန်းဆောင်ရွက်သည့်မြေ၏ မြေပေါ်မြေအောက် မှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ရေနံဓါတုဆိုင်ရာပစ္စည်းများ၊ သဘာဝသယံဇာတ ပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ ကျောက်မျက် ရတနာများ အစရှိသည်တို့ တွေ့ရှိလျှင် ထိုသို့ တွေ့ရှိကြောင်း **"အငှားချထားသူ"** သို့ ချက်ချင်းအသိပေး အကြောင်းကြားရမည်။ ထိုပစ္စည်း များကို **"အငှားချထားသူ"** က ပိုင်ဆိုင်ရမည့်အပြင် **"အငှားချထားသူ"** သည် ထိုပစ္စည်းများကို နိုင်ငံတော် အစိုးရအဖွဲ့သို့ လွှဲပြောင်း တင်ပြရမည်။ **"အငှားချထားသူ"**သည် အဆိုပါသယံဇာတ ပစ္စည်းများကို မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာ တူးဖော် **ပိုင်ခွင့်ရှိစေရမည်**။

ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

၂၀။ **"အငှားချထားခြင်းခံရသူ"** သည် ဤသဘောတူစာချုပ်ပါ ငှားရမ်းခြင်းကာလ သို့မဟုတ် စာချုပ်သက်တမ်း ကုန်ဆုံးသည့် အခါ သို့မဟုတ် ရပ်စဲသည့်အခါ ယင်းသို့ကုန်ဆုံးသည့်နေ့ သို့မဟုတ် ရပ်စဲသည့်နေ့မှ ရက် (၃၀) အတွင်း အငှားချထားသည့် စက်ရုံ ၊ မြေ ၊ အဆောက်အဦများ ၊ စက်ပစ္စည်းများကို **"အငှားချထားသူ"** သို့ ငှားရမ်းကာလ အသုံးပြုမှုအပေါ် အခြေခံ၍ အဖိုးစားနား မပါဘဲ ကောင်းမွန်သော အနေအထားဖြင့် ပြန်လည် လွှဲပြောင်းပေးအပ်ရမည်။ သို့ရာတွင် **"အငှားချထားခြင်းခံရသူ"** မှ သတ်မှတ်ကာလ အတွင်း လွှဲပြောင်းခြင်း ကိစ္စရပ်အား မပြီးစီးပါက ခိုင်လုံသော အကြောင်းပြချက်ဖော်ပြ၍ စာဖြင့် (၇)ရက် ကြိုတင်တင်ပြတောင်းခံညှိနှိုင်း ဆောင်ရွက် ရမည်။ ငှားရမ်းပစ္စည်းများအား **"အငှားချထားသူ"**သို့ ပြန်လည် လွှဲပြောင်းပေးအပ်ရမည့် နောက်ဆုံး အချိန်ကာလအား ရက်ပေါင်း(၄၅)ရက်ထက် နောက်မကျစေဘဲ လွှဲပြောင်းပေးအပ်ရမည်။

မလွန်ဆန်နိုင်သည့် ဖြစ်ရပ်များ

၂၁။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ တရားဥပဒေစိုးမိုးရေး နှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း ၊ စစ်ဖြစ်ခြင်း ၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝိရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် **"အငှားချထားခြင်းခံရသူ"** သည် **"အငှားချထားသူ"** သို့ နစ်နာဆုံးရှုံးမှု အတွက် လျော်ကြေးတောင်းခံခွင့် မရှိစေရ။

၂၂။ ထိုသို့မလွန်ဆန်နိုင်သောဖြစ်ရပ်များပေါ်ပေါက်ပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ ၁၄ (တစ်ဆယ့်လေး)ရက်အတွင်း **"အငှားချထားခြင်းခံရသူ"** သည် **"အငှားချထားသူ"** သို့ ချက်ချင်း စာဖြင့် ရေးသားအကြောင်းကြားရမည်။ **" အငှားချထားသူ "** က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး စက်ရုံမြေ ၊ အဆောက်အဦများ နှင့် အခြားယာဉ်များကို ငှားရမ်း အသုံးပြုခွင့် နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာ ခွင့်ပြုနိုင်သည်။

စာချုပ်အတည်ဖြစ်ခြင်း

၂၃။ ဤသဘောတူစာချုပ်သည် **"အငှားချထားသူ"** နှင့် "အငှားချထားခြင်းခံရသူ" တို့ လက်မှတ် ရေးထိုးပြီးသည့်နေ့မှစ၍ အတည်ဖြစ်သည်။

စာချုပ်ပြင်ဆင်ခြင်း

၂၄။ ဤသဘောတူစာချုပ်ပါစည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်းပြုလုပ်လိုပါက **"အငှားချထားသူ"**နှင့် **"အငှားချထားခြင်းခံရသူ"**တို့၏ နှစ်ဦးနှစ်ဖက် တရားဝင်စာဖြင့် သဘောတူညီချက်နှင့် **စက်မှုဝန်ကြီးဌာန ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး** သို့ တင်ပြ၍ အတည်ပြု ချက်ရယူဆောင်ရွက်နိုင်သည်။

၂၅။ **"အငှားချထားခြင်းခံရသူ"** မှ စက်ရုံ (မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦနှင့်စက်ပစ္စည်းများ)အား ငှားရမ်းရာတွင် စီးပွားရေးအရ တွက်ချေကိုက်မှုမရှိခြင်း၊ အခြားသော အဆင်မပြေမှုများရှိခြင်းကြောင့် နှစ်ဦးနှစ်ဖက် ပြန်လည်ညှိနှိုင်း ဆွေးနွေးရန် (၃)လကြိုတင် အကြောင်းကြားရမည်။ သို့ရာတွင် ယင်းဆွေးနွေးသည့် အချိန်မှစ၍ နောင်ထပ်မံ ငှားရမ်းသူရရှိသည့် အချိန်အထိ လက်ရှိငှားရမ်းခွင့်ရရှိသူမှ စက်ရုံနှင့်ပတ်သက်သည့် စက်ရုံ ငှားရမ်းခနှင့် အခြားစရိတ်များအားလုံးကို ကျခံဆောင်ရွက်ပေးရမည်။

စာချုပ်ရုပ်စဲခြင်း

၂၆။ စာချုပ်ရုပ်စဲခြင်းနှင့် ပတ်သက်၍ အောက်ပါ အကြောင်းအရပ်များ တစ်ခုခု ဖြစ်ပေါ်လာ ပါက စာချုပ်ဝင် တစ်ဖက်ဖက်သည် စာချုပ်ကို ရုပ်စဲနိုင်သည် -

(က) မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးသွား၍ **"အငှားချထားခြင်းခံရသူ"** အနေဖြင့် လုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ခြင်း၊

(ခ) သဘောတူစာချုပ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို **"အငှားချထားခြင်းခံရသူ"** မှ ဖောက်ဖျက်ကျူးလွန်ခြင်း ၊

(ဂ) နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်ကို " **အငှားချထားခြင်းခံရသူ** " မှ ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဃ) **"အငှားချထားခြင်းခံရသူ"** က လူမွဲအဖြစ် ခံယူသွားခြင်း၊

(င) စာချုပ်သက်တမ်းကုန်ဆုံးခြင်း၊

(စ) စာချုပ်ရုပ်စဲရန် နှစ်ဦးနှစ်ဖက် သဘောတူညီချက် ရရှိခြင်း။

၂၇။ အထက်ပါ ကိစ္စရပ်များအနက် ကိစ္စရပ်တစ်ခုခုကြောင့် စာချုပ် ရုပ်စဲလိုပါက **စက်မှု ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး** သို့ တင်ပြခွင့်ပြုချက် ရရှိမှသာ အကျိုးသက်ရောက်မှု ရှိစေရမည်။

၂၈။ စာချုပ်ရုပ်စဲခြင်းသည် စာချုပ်ဝင် နှစ်ဦးနှစ်ဖက်မှ စာချုပ်ပါတာဝန်ရှိမှုများအား အကြေအလည် ညှိနှိုင်း၍ပြီးပြတ် ရှင်းလင်းပြီးမှသာ ရုပ်စဲခြင်းပြီးမြောက်ရမည်။ ယင်းသို့ရှင်းလင်းပြီးပါက စာချုပ်ပါ ငှားရမ်းထားသော ပစ္စည်းများအားလုံးကို **"အငှားချထားသူ"** ၏ ပိုင်ဆိုင်မှုသို့ ငှားရမ်းကာလ အသုံးပြုမှုအပေါ် အခြေခံ၍ ကောင်းမွန်သော အနေအထားဖြင့် အဖိုးစားနားမပါဘဲ အထက်အပိုဒ် (၂၀)ပါအတိုင်း ရက်ပေါင်း(၃၀)အတွင်း လက်ဝယ် ပြန်လည် အပ်နှံရောက်ရှိစေရမည်။

ပြန်လည်ဝင်ရောက်ပိုင်ခွင့်

၂၉။ **"အငှားချထားခြင်းခံရသူ"** သည် စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် (သို့) လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် **"အငှားချထားသူ"**က ယင်းကဲ့သို့ ပျက်ကွက်မှု များကို ပြုပြင်ရန် (သို့) လိုက်နာရန် **"အငှားချထားခြင်းခံရသူ"** သို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် အကြောင်းကြားစာပါ ကာလအတွင်း လိုက်နာမှုမရှိပါက သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ **"အငှားချထားသူ"**သည် အငှားချထားသည့် စက်ရုံကို ပြန်လည်ဝင်ရောက်လက်ဝယ်ရယူခွင့် ရှိသည်။ သို့ရာတွင်ယင်းသို့ဝင်ရောက်၍လက်ရောက်ရယူခြင်းသည် **"အငှားချထားသူ"**က **"အငှားချထားခြင်းခံရသူ"** ထံမှ ရရန်ရှိသော ငှားရမ်းခ (သို့) ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

၃၀။ ၂၀၁၂ ခုနှစ် ၊ ဇွန်လ (၂၀)ရက်နေ့တွင် စက်မှုဝန်ကြီးဌာန ၊ ဆေးဝါးနှင့်စားသောက်ကုန် လုပ်ငန်း နှင့် Mother Trading Co., Ltd. တို့ ချုပ်ဆိုခဲ့သော အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်)နှင့် စက်ရုံခွဲ(မရမ်းကုန်း)၊ စက်ရုံခွဲ(မှော်ဘီ)တို့အား ငှားရမ်းသည့် မူလသဘောတူ စာချုပ် အား ပယ်ဖျက်၍ ဤစာချုပ်ဖြင့် အစားထိုးရမည်။

၃၁။ ဤသဘောတူစာချုပ်တွင် ပါရှိသော မြေပုံနှင့် နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ် တစ်ဒေသဖြစ်သည်။

၃၂။ ဤစာချုပ်သည် နိုင်ငံတော်မူဝါဒအရ ပြင်ဆင်ရန်လိုအပ်ပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ပြင်ဆင် ချုပ်ဆို နိုင်သည်။

၃၃။ ဤသဘောတူစာချုပ်အား ၂၀၁၅ ခုနှစ် ၊ နိုဝင်ဘာ လ( )ရက်နေ့တွင် "အငှားချထားသူ" နှင့် "**အငှားချထားခြင်းခံရသူ**"တို့ အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး ကြပါသည် -

အငှားချထားသူ(ကိုယ်စား)

(မြန်မာ့ဆေးဝါးလုပ်ငန်း)

ဒေါက်တာတိုးအောင်
အထွေထွေမန်နေဂျာ
စီမံရေးဌာန

အငှားချထားခြင်းခံရသူ(ကိုယ်စား)

(New General Industry Co.,Ltd.)

အောင်မြတ်
မန်နေးဂျင်းဒါရိုက်တာ
နိုင်ငံသားမှတ်ပုံတင်အမှတ် ၊
၁၂/ဥကတ(နိုင်)၀၂၃၀၃၉

<u>**အသိသက်သေများ**</u>

ဖြိုးမြင့်ဆွေ
အထွေထွေမန်နေဂျာ
နည်းပညာဖွံ့ဖြိုးရေးဌာန

ရန်မင်း
ဒါရိုက်တာ
နိုင်ငံသားမှတ်ပုံတင်အမှတ် ၊
၁၂/လမတ(နိုင်)၀၂၂၄၂၁

၁၆

အသိသက်သေများ

စိုးစိုးအေး
အထွေထွေမန်နေဂျာ
ထုတ်လုပ်ရေးဌာန

ကျော်ငြိမ်း
အထွေထွေမန်နေဂျာ
အရည်အသွေးစစ်ဆေးရေးဌာန

အထွေထွေမန်နေဂျာ
ဘဏ္ဍာရေးဌာန

ခင်ဇော်ဝင်း
အထွေထွေမန်နေဂျာ
ရောင်းချဖြန့်ဖြူးရေးဌာန

၁၇

<u>အသိသက်သေများ</u>


စိုးသန်း
အထွေထွေမန်နေဂျာ
အုပ်ချုပ်ရေးဌာန

ဇော်ဝင်း
အလုပ်ရုံစုမှူး(နောက်ချန်တာဝန်ခံ)
အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)၊
စက်ရုံခွဲ(မရမ်းကုန်း)၊ စက်ရုံခွဲ(မှော်ဘီ)

<u>ထပ်ဆင့်အတည်ပြုသူ</u>

သန့်စင်
ဦးဆောင်ညွှန်ကြားရေးမှူး

ဤစက်ရုံ **ငှားရမ်းရေးသဘောတူစာချုပ်** ကို စက်မှုဝန်ကြီးဌာန၏ (၂၃ - ၆ - ၂၀၁၅) ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၅-၂၀၁၆) မှ ခွင့်ပြုချက်အရ ချုပ်ဆို ဆောင်ရွက်ခြင်းဖြစ်ပါသည်။



သက်သာဆိုင်ခန်းများတည်နေရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်(၆၃ /၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ်[illegible] ရက်

(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေး အဖွဲ့အက်ဥပဒေပုဒ်မ-၂၇(၁)(ခ ၁)အရအပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး ၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င /စက်မှုလက်မှု) မှ အစိုးရမြေ (၈.၄၅၆)ဧကအား စက်မှုဝန်ကြီးဌာန ၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ၊ အမှတ် (၁)ပလပ်စတစ်စက်ရုံ (ရန်ကုန်)အတွက် စက်မှုဝန်ကြီးဌာန သို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူ အကျိုးငှာ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ၊ အမှတ်(၁) ပလပ်စတစ်စက်ရုံ (ရန်ကုန်) အတွက်သာ အသုံးပြုရန် နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို စက်မှုဝန်ကြီးဌာနမှအသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကိုဤဦးစီးဌာန သို့ ပြန်လည်အပ်နှံရန်နှင့်အစိုးရ မှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စက်မှုဝန်ကြီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှု ရှိသည့် အခါ ယင်းကိစ္စ ကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာ ဖော်ပြချက်**

တိုင်းဒေသကြီး	မြို့နယ်	မြေတိုင်း ရပ်ကွက်အမှတ်	မြေကွက် အမှတ်	ခန့်မှန်းမြေဧရိယာ	
				ဧက	ဒဿမ
ရန်ကုန်တိုင်း ဒေသကြီး	မြောက် ဥက္ကလာပ	င / စက်မှု လက်မှု	၁၀၅အေ+ ၁၀၅ မှ ၁၁၁+၁၂၀ မှ ၁၃၂ ထိ	၈	၄၅၆

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်
အရှေ့လားသော် - လမ်း
အနောက်လားသော် - သုခမွာလမ်း နှင့် မြေကွက်အမှတ် (၁၁၁/ A)
တောင်လားသော် - လမ်းနှင့် မြေကွက်အမှတ် (၁၁၂)
မြောက်လားသော် - လမ်း

ကျော်လွင်
ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ မခ/မသ/၂၃အယ်လ် - ၂၀၁၃ (၃၅၃၂)
ရက်စွဲ ၊ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

ဖြန့်ဝေခြင်း

၁။ နိုင်ငံတော်သမ္မတရုံး
၂။ ပြည်ထောင်စု အစိုးရ အဖွဲ့ရုံး
၃။ ဝန်ကြီးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်
၄။ ဝန်ကြီးရုံး၊ စက်မှုဝန်ကြီး ဌာန သို့ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပြန်တမ်း နှင့် အတူ မြေပုံ (၁)ပုံ ပူးတွဲ ပေးပို့ပါသည်။
၅။ ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
၆။ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဥက္ကဋ္ဌ (မြို့ဝတ်ဝန်)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၈။ ဝန်ကြီး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
၉။ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ပြည်ထဲရေးဝန်ကြီးဌာန
၁၀။ ဦးဆောင်ညွှန်ကြားရေးမှူး ၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း သို့ လိုအပ်သလိုဆောင်ရွက်နိုင်ပါရန် ပြန်တမ်းနှင့်အတူ မြေပုံ(၁)ပုံ ပူးတွဲပေးပို့အပ်ပါသည်။
၁၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် နှင့် ပြန်တမ်းမိတ္တူ (၃) စုံ အား ဤဦးစီးဌာနသို့ပေးပို့ပါရန် မေတ္တာရပ်ခံ ပေးပို့အပ်ပါသည်။
၁၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

၁၃။ ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့ အထက်ဇယားပါမြေအား မြို့မြေစာရင်း တွင် စက်မှုဝန်ကြီးဌာန ပိုင်မြေ အဖြစ် မှတ်သား ပေးနိုင်ပါရန် ပြန်တမ်း နှင့်အတူမြေပုံ (၁)ပုံ ပူးတွဲပေးပို့ပါသည်။ မှတ်သားပြီးပါက ဤဦးစီးဌာနသို့ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၄။ ညွှန်ကြားရေးမှူး(မြေခွန်/မြေတိုင်း) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁၅။ ညွှန်ကြားရေးမှူး(မြို့ပြ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁၆။ ညွှန်ကြားရေးမှူး(စီမံ/အိမ်ရာ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁၇။ ညွှန်ကြားရေးမှူး(စီမံကိန်း/ရေသန့်) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁၈။ တိုင်းဒေသကြီးမြေစာရင်းဦးစီးမှူး၊ ကွေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ခရိုင်အုပ်ချုပ်ရေးမှူး၊ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂၀။ ဒုတိယညွှန်ကြားရေးမှူး (မြေတိုင်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ထံ သို့ အထက်ဇယားပါမြေကို စက်မှုဝန်ကြီးဌာန ပိုင် မြေအဖြစ် မြို့မြေစာရင်းတွင် မှတ်သားပေးနိုင်ပါရန် မြေပုံ(၁)ပုံပူးတွဲပေးပို့အပ်ပါသည်။

၂၁။ ဒုတိယညွှန်ကြားရေးမှူး (မြေခွန်)မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၂၂။ လက်ထောက်ညွှန်ကြားရေးမှူး(မြေတိုင်း) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၂၃။ လက်ထောက်ညွှန်ကြားရေးမှူး(မြေခွန်) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၂၄။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဥက္ကလာပမြို့နယ

၂၅။ ဦးစီးအရာရှိ၊ မြေယာရုံးခွဲ(၅)၊ မြောက်ဥက္ကလာပမြို့နယ်

၂၆။ ရုံးလက်ခံ

၂၇။ မျှောစာ

အမိန့်အရ

မင်းထိန်

ညွှန်ကြားရေးမှူးချုပ်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

စာအမှတ်၊ ရကသ/မြို့ပြမြေစီမံ-၂၀၁၅(၂၃၆၃၇)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ လ ၂၃ ရက်

သို့

အထွေထွေမန်နေဂျာ
မြန်မာ့ဆေးဝါးလုပ်ငန်း
စက်မှုဝန်ကြီးဌာန

အကြောင်းအရာ။ မြေအမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးနိုင်ပါရန် ညှိနှိုင်းခြင်း

ရည် ညွှန်း ချက် ။ (၁) မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၇-၆-၂၀၁၅ ရက်စွဲဖြင့် ညှိနှိုင်းစာ
(၂) မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၂၆-၆-၂၀၁၅ ရက်စွဲဖြင့် ညှိနှိုင်းစာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (ဇ/စက်မှုလက်မှု)၊ မြေကွက်အမှတ် (၁၀၅/အေ+၁၁၅ မှ ၁၁၁+၁၂၁ မှ ၁၃၂ ထိ)၊ ဧရိယာ (၈.၄၅၆)ဧက အစိုးရမြေအား မြန်မာ့ဆေးဝါးလုပ်ငန်း စက်မှုဝန်ကြီးဌာနမှ အထက် ရည်ညွှန်း(၁),(၂)ပါစာဖြင့် ညှိနှိုင်းလာခြင်းအား ဤဌာန၏ မြေစာရင်းတွင် အမှတ်(၁)၊ ပလပ်စတစ်စက်ရုံ(ရန်ကုန်) စက်မှုဝန်ကြီးဌာန အမည်ဖြင့် အမည်ပေါက်မှတ်သားပြီးဖြစ်ပါကြောင်းနှင့် မှတ်တမ်းမြေပုံ၊ မြေရာဇဝင်ရယူလိုပါက သတ်မှတ်ဝန်ဆောင်ခပေးသွင်းပြီး လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။


၂၃-၁၀-၁၅


ဌာနမှူး (ကိုယ်စား)
(ဆလိုင်းစံမင်း၊ လက်ထောက်ဌာနမှူး)

မိတ္တူကို
မျှောစာတွဲ
ရုံးလက်ခံ

Oct2015NN- 13

အမှတ်(၁) ပလတ်ဖောင်းစက်ရုံ (ရန်ကုန်)၏ တည်နေရာပြမြေပုံ




Lay Out Plan
အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်) အဆောက်အဦးများတည်နေရာပြပုံ
မြောက်
စကေး ၁" - ၁၀၀'
ရည်ညွှန်းချက်
၁။ မွေးမြူရေးကန်
၂။ လုပ်သားအိပ်ဆောင်
၃။ ကန်ထုတ်(၃)
၄။ ကန်ထုတ်(၅)
၅။ ရိပ်သာ
၆။ ရုံး
၇။ ရေစက်
၈။ လုံခြုံရေး
၉။ အလုပ်ရုံ
၁၀။ ကုန်ထုတ်(၁)
၁၁။ မြက်ခင်းပြင်
၁၂။ ကားရပ်ရန်နေရာ
၁၃။ အုတ်ရေကန်
၁၄။ စတို
၁၅။ ရေကျော်များ
၁၆။ လုပ်ဝင်ခံ
၁၇။ ဓါတ်ခွဲခန်း
၁၈။ ရုံး
၁၉။ ကားရေဆေးခံ
၂၀။ ပစ္စည်းသိုလှောင်ရုံ
၂၁။ ရေကန်
၂၂။ ဘိုင်လာရုံ
၂၃။ ကုန်ထုတ်(၂)
၂၄။ ပေါက်ကွဲပစ္စည်းသိုလှောင်ရုံ
၂၅။ ၁၉၀၀ ဂါလံဆန့် မြေစိုက်ရေလှောင်ကန်
၂၆။ ရေစင်
၂၇။ မီးထိန်းဆီတိုင်ကီ
၂၈။ ကုန်ထုတ်(၄)
၃၂။ ဝင်းသာအရောင်းဆိုင်
၃၃။ Generator အဆောက်အဦး

နောက်ဆက်တွဲ(ခ)

စက်မှုဝန်ကြီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)

အဆောက်အဦးစာရင်း

စဉ်	အဆောက်အဦ အမည်	အမျိုးအစား/ အတိုင်းအတာ	အရေ အတွက်	မှတ်ချက်
၁။	ရုံးအဆောက်အဦး	၆၀′ x ၄၀′ x ၁၂′ ကျောက်ပြားမိုး အုတ်ညှပ်ကွန်ကရစ်	၁	စက်ရုံ၏ အကျယ်အဝန်းမှာ ၈.၄၅၆ ဧကတွင် ပင်မစက်ရုံ၏ မြေဧရိယာ ၊ သက်သာအရောင်းဆိုင်ခန်းများနှင့် နှစ်ခန်းတွဲဝန်ထမ်းအိမ်ယာ(၃)လုံး ၏ မြေဧရိယာစုစုပေါင်းမှာ ၇.၇ဧက ဖြစ်ပြီး ၊ ရတနာသိင်္ဂီကုမ္ပဏီသို့ နှစ်ရှည်ငှားရမ်းထားသည့်အအေး ခန်းစက်ရုံ၏ မြေဧရိယာ ၀.၇၅၆ ဧကတို့ ဖြစ်ပါသည်။
၂။	စီမံရေးရုံး	၃၀′ x ၃၀′ x ၁၃′ ကျောက်ပြားမိုး အုတ်ညှပ်ကွန်ကရစ်	၁	
၃။	လုံခြုံရေးရုံး	၁၈′ x ၁၆′ x ၁၀′ ကျောက်ပြားမိုး အုတ်ညှပ်ကွန်ကရစ်	၁	
၄။	ပင်မစက်ရုံ (ကုန်ထုတ်-၁)	၂၄၀′ x ၅၆′ x ၁၃′ သွပ်မိုး အုတ်ညှပ်ကွန်ကရစ်	၁	
၅။	ပလတ်စတစ်ရက်အိတ် ထုတ်လုပ်ရေး(၁) (ကုန်ထုတ်-၂)	၂၄၀′ x ၄၀′ x ၁၄′ သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၆။	ဘိလပ်မြေအိတ် ထုတ်လုပ်ရေးရုံ (ကုန်ထုတ်-၃)	၁၅၀′ x ၄၀′ x ၁၄′ သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၇။	ပလတ်စတစ်ရက်အိတ် ထုတ်လုပ်ရေး(၃) (ကုန်ထုတ်-၅)	၁၆၀′ x ၄၀′ x ၁၄′ သွပ်မိုး အုတ်ကာကွန်ကရစ်	၁	

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)

အဆောက်အဦးစာရင်း

စဉ်	အဆောက်အဦ အမည်	အမျိုးအစား/ အတိုင်းအတာ	အရေ အတွက်	မှတ်ချက်
၈။	ကုန်ချောပစ္စည်း သိုလှောင်ရုံ	၁၅၀' x ၄၀' x ၁၄' သွပ်မိုး အုတ်ညှပ်ကွန်ကရစ်	၁	
၉။	ဓါတ်ခွဲခန်း	၄၂' x ၁၈' x ၂၇' ကျောက်ပြားမိုး အုတ်ကာကွန်ကရစ်	၁	
၁၀။	ပေါက်ကွဲစေတတ်သော ပစ္စည်းသိုလှောင်ရုံ	၂၇' x ၂၇' x ၁၆' ကျောက်ပြားမိုး အုတ်ကာကွန်ကရစ်	၁	
၁၁။	ဘွိုင်လာရုံ	၄၀' x ၂၀' x ၁၀' သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၁၂။	လုပ်သားအိမ်ယာ	၂၂' x ၁၆' x ၁၀' သွပ်မိုး ပျဉ်ကာ၊ ပျဉ်ခင်း (၂ ခန်းတွဲ)	၇	
၁၃။	ပလတ်စတစ်ရက်အိတ် ထုတ်လုပ်ရေး(၂) (ကုန်ထုတ်-၄)	၂၃၀' x ၅၅' x ၁၄' သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၁၄။	ပစ္စည်းသိုလှောင်ရုံ	၆၀' x ၄၀' x ၁၄' သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၁၅။	အလုပ်ရုံ	၅၀' x ၄၀' x ၂၄' သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၁၆။	ရှင်းလင်းဆောင်	၆၀' x ၅၀' x ၁၄' သွပ်မိုး အုတ်ကာကွန်ကရစ်	၁	

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)
အဆောက်အဦးစာရင်း

စဉ်	အဆောက်အဦ အမည်	အမျိုးအစား/ အတိုင်းအတာ	အရေ အတွက်	မှတ်ချက်
၁၇။	**ကားဂိုဒေါင်**	၆၀′ x ၂၀′ x ၁၄′ သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၁၈။	**ထရန်စဖော်မာ**	၂၀′ x ၁၀′ x ၁၄′ သွပ်မိုး အုတ်ကာကွန်ကရစ်	၁	
၁၉။	**သက်သာဆိုင်ခန်း**	၁၂′ x ၁၉′ x ၁၄′ သွပ်မိုး အုတ်ညှပ်ကွန်ကရစ်	၁၅	
၂၀။	**သက်သာဆိုင်ခန်း**	၁၁′ x ၂၂′ x ၁၄′ သွပ်မိုး အုတ်ညှပ်ကွန်ကရစ်	၃၉	
၂၁။	**ဝင်းသူဇာအရောင်းဆိုင်**	၂၈′ x ၂၄′ x ၁၄′ သစ်ကာ ကျောက်ပြားမိုး	၁	
၂၂။	**Generator အဆောက်အဦ**	၂၀′ x ၁၀′ x ၁၀′ RC ကျောက်ပြားမိုး ၊ အုတ်ကာ	၁	
၂၃။	**လုံခြုံရေးရုံး**	၁၂′ x ၁၂′ x ၁၀′ သွပ်မိုး ပျဉ်ကာ ၊ ပျဉ်ခင်း	၁	
၂၄။	**အုတ်သစ်တစ်ဝက်သိုလှောင်ရုံ**	၁၂၀′ x ၃၀′ x ၂၈′ သွပ်မိုး ပျဉ်ကာ ၊ ကွန်ကရစ်	၁	
၂၅။	**ဆင်ဝင် ၂ ထပ်တိုက်**	၆၀′ x ၅၀′ x ၃၀′ သွပ်မိုး အုတ်ကာ ၊ ကွန်ကရစ်	၁	
၂၆။	**အုတ်တိုက်တန်းလျား**	၁၀၀′ x ၂၀′ x ၁၄′ သွပ်မိုး အုတ်ကာ ၊ ကွန်ကရစ်	၁	
၂၇။	**၂ ထပ်တိုက် သိုလှောင်ရုံ**	၁၂၀′ x ၃၀′ x ၂၄′ သွပ်မိုး အုတ်ကာ ၊ သံကူကွန်ကရစ်	၁	
၂၈။	**မီးထိုးဆီသိုလှောင်ကန်**	ဂါလန်(၅၀၀၀)ဆန့်	၂	
၂၉။	**ဂါလန်(၅၀၀၀)ဆန့်ရေစင်**	၂၀′ x ၁၀′ x ၁၄′	၁	

နောက်ဆက်တွဲ(ဂ)

စက်မှုဝန်ကြီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)

စက်နှင့်စက်ပစ္စည်းစာရင်း

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်
၁။	275 KVA Generator	No.	၁	ကောင်း

နောက်ဆက်တွဲ(ဃ)

စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း
အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)
ရုံးသုံးစက်နှင့်စက်ကိရိယာ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်
၁	၂	၄	၅	၆
၁။	လျှပ်စစ်ဂဏန်းပေါင်းစက်(Panasonic) Contax – 55 Facit Ordinary	ခု	၃	ပျက်
၂။	မြန်မာလက်နှိပ်စက် ၁၅ လက်မ	ခု	၁	ပျက်
၃။	မြန်မာလက်နှိပ်စက် ၁၈ လက်မ	ခု	၁	ကောင်း
၄။	မြန်မာလက်နှိပ်စက် ၂၄ လက်မ	ခု	၁	ကောင်း
၅။	အင်္ဂလိပ်လက်နှိပ်စက် ၁၅ လက်မ	ခု	၁	ပျက်
၆။	အင်္ဂလိပ်လက်နှိပ်စက် ၂၄ လက်မ	ခု	၁	ကောင်း
၇။	စာကူးစက်အေး	ခု	၂	ပျက်
၈။	မတ်တပ်ရပ်ပန်ကာ	ခု	၂	ကောင်း
၉။	မျက်နှာကျက်ပန်ကာ	ခု	၁၇	ကောင်း
၁၀	မျက်နှာကျက်ပန်ကာ	ခု	၄	ပျက်
၁၁	ရေခဲသေတ္တာ	ခု	၁	ကောင်း
၁၂	မီးသတ်ဆေးဘူး(၁ ကွာတာ)	ခု	၂	ပျက်
၁၃	မီးသတ်ဆေးဘူး Foam Type	ခု	၆၀	ကောင်း
၁၄	တယ်လီဖုန်း	ခု	၇	ကောင်း
၁၅	တယ်လီဖုန်းအိတ်ချိန်း	ခု	၁	ပျက်
၁၆	လျှပ်စစ်တိုင်ကပ်နာရီ	ခု	၃	ပျက်
၁၇	မီးသတ်ဆေးဘူး(CO2)	ခု	၇	ကောင်း
၁၈	Personal Computer (1) Set	ခု	၁	ကောင်း
၁၉	Laser Printer	ခု	၁	ကောင်း
၂၀	Duplicating Machine	ခု	၁	ကောင်း

နောက်ဆက်တွဲ(င)

စက်မှုဝန်ကြီးဌာန

မြန်မာ့ဆေးဝါးလုပ်ငန်း

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)

ရုံးသုံးပရိဘောဂ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	ရေအတွက်	မှတ်ချက်
၁	၂	၃	၄	၅
၁။	မီးခံသေတ္တာ	ခု	၁	ကောင်း
၂။	ငွေထည့်သေတ္တာ	ခု	၁	ကောင်း
၃။	စာထည့်ခွက်	ခု	၂	ပျက်
၄။	လက်တန်းပါကုလားထိုင်	ခု	၁၁	ကောင်း
၅။	လက်တန်းပါကုလားထိုင်	ခု	၁၉	ပျက်
၆။	လက်တန်းမပါကုလားထိုင်	ခု	၂၂	ကောင်း
၇။	လက်တန်းမပါကုလားထိုင်	ခု	၂၀	ပျက်
၈။	ဓါတ်ခွဲခန်းစားပွဲ	ခု	၂	ကောင်း
၉။	အစည်းအဝေးစားပွဲ	ခု	၂	ကောင်း
၁၀	အရာရှိစားပွဲ	ခု	၅	ကောင်း
၁၁	ဌာနခွဲစာရေးကြီးစားပွဲ	ခု	၄	ကောင်း
၁၂	ဌာနခွဲစာရေးကြီးစားပွဲ	ခု	၂	ပျက်
၁၃	ရုံးအုပ်စားပွဲ	ခု	၃	ကောင်း
၁၄	ရုံးအုပ်စားပွဲ	ခု	၂	ပျက်
၁၅	စာရေးစားပွဲ	ခု	၁၅	ကောင်း
၁၆	စာရေးစားပွဲ	ခု	၂၅	ပျက်
၁၇	သစ်သားဘီရို	ခု	၁၁	ကောင်း
၁၈	သစ်သားဘီရို	ခု	၁၆	ပျက်
၁၉	မှန်ဘီရို	ခု	၁	ကောင်း
၂၀	Steel Almirah	ခု	၃	ပျက်
၂၁	Steel Cabinet	ခု	၁	ကောင်း

FROM : FAX NO. : 29 Feb. 2016 11:33AM P1

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၂-စမ(၂)၂၀၁၃-၂၀၁၄(၈၁၄၉)
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ် လ ၇ ရက်

အကြောင်းအရာ။ **ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုရှိ အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်) (မရမ်းကုန်းနှင့် မှော်ဘီရှိစက်ရုံခွဲများအပါအဝင်)အား သက်တမ်းတိုးမြှင့်ငှားရမ်းရေးကိစ္စ**

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုရှိ အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) (မရမ်းကုန်းနှင့် မှော်ဘီရှိ စက်ရုံခွဲများ အပါအဝင်)ကို Mother Trading Co., Ltd. သို့ မူလငှားရမ်းသက်တမ်း(၅)နှစ် အပါအဝင် (၂၅+ ၅+ ၅)နှစ်ဖြင့် သက်တမ်းတိုးမြှင့်ငှားရမ်းခွင့်ပြုပါရန် အမှာစာတင်ပြချက်နှင့်စပ်လျဉ်း၍ ၂၀.၂.၂၀၁၄ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၄)မှ သဘောတူကြောင်းဆုံးဖြတ်ခဲ့ခြင်းအား သိရှိနိုင်ပါရန် ၎င်းအမှာစာမိတ္တူကို ပူးတွဲပေးပို့အပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ရုံးအဖွဲ့မှူး)

ဦးဆောင်ညွှန်ကြားရေးမှူး
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

လျှို့ဝှက်

စက်မှုဝန်ကြီးဌာန

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

နှင့်

Mother Trading Co., Ltd.

တို့

ချုပ်ဆိုသော

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)နှင့်

စက်ရုံခွဲ(မရမ်းကုန်း)၊ စက်ရုံခွဲ(မှော်ဘီ)

တို့အား

ငှားရမ်းသည့် သဘောတူစာချုပ်

ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ (၂၀) ရက်

စက်မှုဝန်ကြီးဌာန

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

နှင့်

Mother Trading Co., Ltd.

တို့၏

အမှတ်(၁)ပလတ်စတစ်စက်ရုံ (ရန်ကုန်)နှင့် စက်ရုံခွဲ(မရမ်းကုန်း)၊ စက်ရုံခွဲ(မှော်ဘီ)တို့အား

ငှားရမ်းသည့်သဘောတူစာချုပ်

ဤစာချုပ်ကို နေပြည်တော်တွင် ၂၀၁၂ ခုနှစ်၊ ဇွန် လ (၂၀) ရက်နေ့၌ ဒေါက်တာချိုဝင်းမော် ကိုယ်စားပြုသော"**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**"(နောင်တွင်"**အငှားချထားသူ**"ဟုခေါ်တွင်စေပြီး၊ ယင်းဖော်ပြချက်တွင် အဆိုပါလုပ်ငန်းအားဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခံရသူများပါဝင်သည်) က တစ်ဖက်

နှင့်

အမှတ်(၃၇)၊ ဝေဇယန္တာလမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးအောင်မြတ်၊ Managing Director ကိုယ်စားပြုသော "Mother Trading Co.,Ltd ."(နောင်တွင် "**အငှားချထားခြင်းခံရသူ**" ဟု ခေါ်တွင်စေပြီး၊ ယင်းစကားရပ်တွင် ၎င်းတို့ ဆက်ခံသူများ တရားဝင် ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဘက် တို့သည် အောက်ပါစည်းကမ်းချက်များကိုသတ်မှတ်၍ နှစ်ဦးသဘောတူစာချုပ်ချုပ် ဆိုကြပါသည်။

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၁။ "**အငှားချထားသူ**"သည် နောက်ဆက်တွဲတွင် အသေးစိတ်ဖော်ပြထားသော စက်ရုံမြေ၊ အဆောက်အဦ နှင့် စက်ပစ္စည်းများကို ပိုင်ဆိုင်သူဖြစ်ပြီး "**အငှားချထားခြင်းခံရသူ**"သည် စာချုပ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် ငွေကြေးပြည့်စုံပြီး စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသူဖြစ်သည်။ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူများသည် ဤစာချုပ်တွင်လက်မှတ်ရေးထိုးရန် အခွင့်အာဏာရှိသူ ဖြစ်ကြောင်း ကိုအသီးသီး အာမခံကြပါသည်။

အငှားချထားမည့်ပစ္စည်းများ

၂။ "အငှားချထားခြင်းခံရသူ" သည်အောက်ပါ "အငှားချထားသူ" ပိုင်စက်ရုံ၊ မြေ၊အဆောက်အဦနှင့် စက်ပစ္စည်းများကို ငှားရမ်း၍ ပလတ်စတစ်ရှိတင်အမျိုးမျိုး၊ သားရေတုနှင့် ဘိလပ်မြေအိတ်ခွံများ ထုတ်လုပ်ခြင်း ၊ ဖြန့်ဖြူးခြင်း ၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) စက်ရုံအမည်နှင့် တည်နေရာ - (၁) အမှတ်(၁)ပလက်စတစ်စက်ရုံ(ရန်ကုန်)
အမှတ်(၁၀၅/၁၁၁)သုဓမ္မာလမ်း ၊
မြောက်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
(၂) စက်ရုံခွဲ(မရမ်းကုန်း)
အမှတ်(၂၉/ဘီ) ပေါ်တော်မူဘုရားလမ်း ၊
သမိုင်း(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ် ၊
ရန်ကုန်တိုင်းဒေသကြီး။
(၃) စက်ရုံခွဲ(မှော်ဘီ)
သရက်ကုန်းကျေးရွာ ၊ မှော်ဘီမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

(ခ) မြေ(ဧက) - (၁) အမှတ်(၁)ပလက်စတစ်စက်ရုံ(ရန်ကုန်) ၉.၈၃ ဧက

ပင်မစက်ရုံ	၈.၄၅ ဧက	
ဝန်ထမ်းအိမ်ယာ	၁.၃၈ ဧက	
(၂) စက်ရုံခွဲ(မရမ်းကုန်း)		၁.၁၈ ဧက
(၃) စက်ရုံခွဲ(မှော်ဘီ) (စက်မှုနယ်မြေအပါအဝင်)		၁၄၆.၇၄ ဧက
စုစုပေါင်း		၁၅၇.၇၅ ဧက

(ဂ) တည်နေရာပြမြေပုံ - နောက်ဆက်တွဲ (က)
(ဃ) အဆောက်အဦများ - နောက်ဆက်တွဲ (ခ)
(င) စက်ပစ္စည်းကိရိယာများ - နောက်ဆက်တွဲ (ဂ)
(စ) ရုံးသုံးစက်ကိရိယာနှင့် အခြားပစ္စည်းများ - နောက်ဆက်တွဲ (ဃ)
(ဆ) မော်တော်ယာဉ်နှင့် အခြားယာဉ်များ - နောက်ဆက်တွဲ (င)

ငှားရမ်းမည့်အချိန်ကာလ

၃။ ငှားရမ်းအချိန်ကာလမှာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ(၁) ရက်နေ့ မှ ၂၀၂၇ ခုနှစ် ဇွန်လ (၃၀)ရက်နေ့အထိ (၁၅)နှစ်ကာလဖြစ်သည်။

<u>ကန့်သတ်</u>

၃

စာချုပ်သက်တမ်း

၄။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ(၁) ရက်နေ့ မှ ၂၀၂၇ ခုနှစ် ဇွန်လ (၃၀)ရက် နေ့အထိ (၁၅)နှစ်ကာလ ဖြစ်သည်။

လွှဲပြောင်းပေးမည့်ဝန်ထမ်းများ

၅။ လွှဲပြောင်းပေးမည့်ဝန်ထမ်းအင်အားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)

စဥ်	လစာနှုန်း	ဦးရေ
(၁)	၁၈၀၀၀၀ဝိ-၂၀၀ဝိ-၁၉၀၀၀၀ဝိ	၁
(၂)	၁၆၀၀၀၀ဝိ-၂၀၀ဝိ-၁၇၀၀၀၀ဝိ	-
(၃)	၁၄၀၀၀၀ဝိ-၂၀၀ဝိ-၁၅၀၀၀၀ဝိ	၂
(၄)	၁၂၀၀၀၀ဝိ-၂၀၀ဝိ-၁၃၀၀၀၀ဝိ	၁
(၅)	၁၀၀၀၀၀ဝိ-၂၀၀ဝိ-၁၁၀၀၀၀ဝိ	၉
(၆)	၆၅၀၀၀ဝိ - ၁၀၀ဝိ - ၇၀၀၀၀ဝိ	၁၉
(၇)	၅၉၀၀၀ဝိ - ၁၀၀ဝိ- ၆၄၀၀၀ဝိ	၃၀
(၈)	၅၃၀၀၀ဝိ - ၁၀၀ဝိ- ၅၈၀၀၀ဝိ	၂၉
(၉)	၄၇၀၀၀ဝိ - ၁၀၀ဝိ- ၅၂၀၀၀ဝိ	၇၀
(၁၀)	၄၁၀၀၀ဝိ - ၁၀၀ဝိ- ၄၆၀၀၀ဝိ	၆၃
(၁၁)	၃၅၀၀၀ဝိ - ၁၀၀ဝိ- ၄၀၀၀၀ဝိ	၈၅
(၁၂)	ပုံသေ	၃
(၁၃)	နေ့စား	၆၃
	စုစုပေါင်း	၃၇၅

(နောက်ဆက်တွဲ "စ-၁")

(ခ) အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)၊ စက်ရုံခွဲ(မရမ်းကုန်း)

စဥ်	လစာနှုန်း	ဦးရေ
(၁)	၁၄၀၀၀၀ဝိ-၂၀၀ဝိ-၁၅၀၀၀၀ဝိ	၁
(၂)	၁၂၀၀၀၀ဝိ-၂၀၀ဝိ-၁၃၀၀၀၀ဝိ	၁
(၃)	၁၀၀၀၀၀ဝိ-၂၀၀ဝိ-၁၁၀၀၀၀ဝိ	၂
(၄)	၆၅၀၀၀ဝိ - ၁၀၀ဝိ - ၇၀၀၀၀ဝိ	၉
(၅)	၅၉၀၀၀ဝိ - ၁၀၀ဝိ- ၆၄၀၀၀ဝိ	၁၆
(၆)	၅၃၀၀၀ဝိ - ၁၀၀ဝိ- ၅၈၀၀၀ဝိ	၁၃
(၇)	၄၇၀၀၀ဝိ - ၁၀၀ဝိ- ၅၂၀၀၀ဝိ	၃၇
(၈)	၄၁၀၀၀ဝိ - ၁၀၀ဝိ- ၄၆၀၀၀ဝိ	-
(၉)	၃၅၀၀၀ဝိ - ၁၀၀ဝိ- ၄၀၀၀၀ဝိ	၂
(၁၀)	ပုံသေ	၁
(၁၁)	နေ့စား	၃
	စုစုပေါင်း	၈၅

(နောက်ဆက်တွဲ "စ-၂")

<u>ကန့်သတ်</u>

<u>ကန့်သတ်</u>

၄

(ခ) အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) ၊ စက်ရုံခွဲ(မှော်ဘီ)

စဉ်	လစာနှုန်း	ဦးရေ
(၁)	၁၄၀၀၀၀ိ-၂၀၀ိ-၁၅၀၀၀ိ	၁
(၂)	၁၂၀၀၀ိ-၂၀၀ိ-၁၃၀၀၀ိ	-
(၃)	၁၀၀၀၀ိ-၂၀၀ိ-၁၁၀၀၀ိ	၉
(၄)	၆၅၀၀ိ - ၁၀၀ိ - ၇၀၀၀ိ	၈
(၅)	၅၉၀၀ိ - ၁၀၀ိ- ၆၄၀၀ိ	၁၄
(၆)	၅၃၀၀ိ - ၁၀၀ိ- ၅၈၀၀ိ	၃၀
(၇)	၄၇၀၀ိ - ၁၀၀ိ- ၅၂၀၀ိ	၃၃
(၈)	၄၁၀၀ိ - ၁၀၀ိ- ၄၆၀၀ိ	၆
(၉)	၃၅၀၀ိ - ၁၀၀ိ- ၄၀၀၀ိ	၂
(၁၀)	နေ့စား	၈
	စုစုပေါင်း	၁၁၁

(နောက်ဆက်တွဲ "စ-၃")

၆။ လွှဲပြောင်းပေးမည့်ဝန်ထမ်းများနှင့်ပတ်သတ်၍"အငှားချထားခြင်းခံရသူ"မှ အောက်ပါစည်းကမ်းချက်များနှင့်အညီလိုက်နာဆောင်ရွက်ရမည်-

(က) စက်ရုံရှိလွှဲပြောင်းပေးမည့်ဝန်ထမ်းများ၏ဝန်ထမ်းလစာများကိုလစဉ်လစာထုတ်ရက်တွင် ထုတ်ပေးရမည်။

(ခ) အကြောင်းတစ်စုံတစ်ရာကြောင့်လစာနှုန်းထားများပြောင်းလဲခဲ့လျှင် ပြောင်းလဲသည့်နှုန်းထားအတိုင်းထုတ်ပေးရမည်။

(ဂ) အခါအားလျော်စွာ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးတိုးမြှင့်ခြင်းခံရသော ဝန်ထမ်းများအတွက် တိုးမြှင့်လစာနှင့် နှစ်တိုးကိုခံစားခွင့်ပြုရမည်။

(ဃ) "အငှားချထားခြင်းခံရသူ" သည် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား နှစ်ဦး နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့်ဆက်လက်တာဝန်ပေးအပ်ရမည်။

(င) ဝန်ထမ်းများ၏ လစာ၊ နှစ်တိုး၊ စရိတ်များအား နိုင်ငံတော်၏ ခွင့်ပြု နှုန်းထားများအတိုင်း "အငှားချထားခြင်းခံရသူ" မှ ဆက်လက်ပေးဆောင်ရမည်။ မူရင်းလစာအား နိုင်ငံတော် သတ်မှတ်နှုန်းထားထက်ပို၍မပေးရ။ ဆုကြေးနှင့်စရိတ်များအား "အငှားချထားခြင်းခံရသူ" မှ သင့်လျော် သလို ပေးနိုင်သည်။

(စ) ဝန်ထမ်းအားပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာကိစ္စရပ်များအား "အငှားချထားသူ" ၏ စီမံမှုဖြင့်သာဆောင်ရွက်ရမည်။

(ဆ) ဝန်ထမ်းများရာထူးတိုးခြင်း၊အငြိမ်းစားယူခွင့်ပြုခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား နိုင်ငံတော်မှသတ်မှတ်ထားသည့်ဝန်ထမ်းစည်းမျဉ်းများနှင့် အညီနှစ်ဦးနှစ်ဖက်မှ ညှိနှိုင်း ဆောင်ရွက်ရမည်။

<u>ကန့်သတ်</u>

ကန့်သတ်

၅

(ဈ) ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းများနစ်နာမှုမရှိစေရေးအတွက် နှစ်ဦးနှစ်ဘက် မှညှိနှိုင်းဆောင်ရွက်ရမည်။

(ဈ) စက်ရုံလွှဲပြောင်းသည့်အခါပါရှိသော ဝန်ထမ်းများအနက် ရာထူးမှ နုတ်ထွက်လိုခြင်း၊ နှစ်ပြည့် (သို့မဟုတ်) သက်ပြည့်အငြိမ်းစားယူခြင်းများရှိပါက **"အငှားချထားသူ"** ထံတင်ပြရမည်။

(ည) စက်ရုံဝန်ထမ်းအား အငှားချထားသည့်စက်ရုံနှင့် ပတ်သက်သည့်လုပ်ငန်း တာဝန်ကိုသာ ပေးအပ်ရမည်။

(ဋ) ဝန်ထမ်းများ၏လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိရေးအတွက် **"အငှားချထားခြင်းခံရသူ"** မှ တာဝန်ယူရမည်။

(ဌ) ဝန်ထမ်းများ၏သက်သာချောင်ချိရေးကိစ္စများကို **"အငှားချထားခြင်းခံရသူ"** မှ တာဝန်ယူရမည်။

(ဍ) ဝန်ထမ်းများရာထူးအနွယ်(Lien)ဆက်လက်ထိန်းသိမ်းထားပြီးရာထူးတိုးမြှင့်ရန် အချိန်ကျရောက်သည့်အခါ ရာထူးတိုးမြှင့်ခြင်းကိစ္စများကို **"အငှားချထားသူ"** မှဆောင်ရွက်ရမည်။

(ပ) ဝန်ထမ်းများအလုပ်ခွင်တွင် မတော်တဆထိခိုက်မှုဖြစ်ပွားပါကအငှားချထားခြင်းခံရသူမှ တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဏ) ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ယူဆောင် ရွက်ရမည်။

(တ) ဝန်ထမ်းအိမ်ယာတွင် လက်ရှိနေထိုင်လျက်ရှိသော ဝန်ထမ်းများအား ဆက်လက်နေထိုင်ခွင့်ပြုရမည်။ဝန်ထမ်းအိမ်ယာများ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို **"အငှားချထားခြင်းခံရသူ"** က တာဝန်ယူဆောင်ရွက်ရမည်။

ငှားရမ်းခနှုန်းထားများ

၇။ ငှားရမ်းခနှုန်းထားမှာ အပိုဒ်(၂)ပါ စက်ရုံ၊ မြေ၊ အဆောက်အဦများ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းစက်ကိရိယာနှင့် အခြားပစ္စည်းများအပါအဝင် အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)ကို တစ်နှစ်လျှင် ကျပ် ၁၈၀.၀၀၀ သန်းဖြင့်လည်းကောင်း ၊ စက်ရုံခွဲ(မရမ်းကုန်း)ကို တစ်နှစ်လျှင် ကျပ် ၆၀.၀၀၀ သန်း ဖြင့်လည်းကောင်း၊ စက်ရုံခွဲ(မှော်ဘီ)ကို တစ်နှစ်လျှင် ကျပ် ၅၀.၀၀၀ သန်းဖြင့် လည်းကောင်း၊ စုစုပေါင်းတစ်နှစ်ငှားရမ်းခမှာ ကျပ် ၂၉၀.၀၀၀ သန်း၊ (ကျပ်သန်းနှစ်ရာ့ကိုးဆယ်တိတိ) ဖြစ်ပါသည်။

၈။ ငှားရမ်းခအား (၆)လတစ်ကြိမ် ပြန်လည်သုံးသပ်ပြီး နှစ်ဦးသဘောတူညှိနှိုင်းပြင်ဆင်ခြင်း အားစက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူ ရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီအစည်းအဝေး သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

ကန့်သတ်

<u>ကန့်သတ်</u>

၆

ငှားရမ်းခပေးချေခြင်း

၉။ "အငှားချထားခြင်းခံရသူ" သည် (၃)လအတွက် ငှားရမ်းခကျသင့်ငွေကျပ် (၇၂.၅၀၀)သိန်း (ကျပ် ခုနှစ်ဆယ့်နှစ်သန်း ငါးသိန်း တိတိ) ကို (၃)လတစ်ကြိမ် (၃)လပြည့်သည့်လ၏ နောက်ဆုံးပတ်အတွင်း ပေးသွင်းရမည်။

၁၀။ "အငှားချထားသူ"နှင့်"အငှားချထားခြင်းခံရသူ"တို့သည်လိုအပ်ပါက(၃)လလျှင်တစ်ကြိမ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ပြန်လည်သုံးသပ်၍ ငှားရမ်းခပေးချေမည့် အစီအစဉ်အား **စက်မှုဝန်ကြီး ဌာန၊ ပစ္စည်းဝယ်ယူ ရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီအစည်းအဝေး** ၏ ဆုံးဖြတ်မှုဖြင့်ပြန်လည် ပြင်ဆင်ဆောင်ရွက်နိုင်သည်။

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ "အငှားချထားခြင်းခံရသူ"၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်ပါ သည်-

(က) မြေ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးကိရိယာ များနှင့် အခြားပရိဘောဂများကို နောက်ဆက်တွဲပါအတိုင်း ငှားရမ်းဆောင်ရွက် ရမည်

(ခ) စက်ရုံအားစတင်ငှားရမ်းသည့်အချိန်မှစ၍ စက်ရုံနှင့်ပတ်သက်သည့် ဌာနအလိုက်စာရွက် စတမ်းများ၊စာရင်းများအားလုံးအားစာရင်းစစ်အစစ်ဆေးခံနိုင်ရန်နှင့် အခြားလိုအပ်သည် များဆောင်ရွက်နိုင်ရန် စက်ရုံမငှားရမ်းမီ အချိန်ထိရှိသည့် အတိုင်းစနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရမည်။

(ဂ) စက်ရုံအဆောက်အဦနှင့်စက်ပစ္စည်းများအားလိုအပ်သည့်ပြင်ဆင်မွမ်းမံခြင်းများဆောင်ရွက် ရမည်။

(ဃ) လုပ်ငန်းများတိုးချဲ့ခြင်းနှင့်စက်ပစ္စည်းများထပ်မံတိုးချဲ့တပ်ဆင်ခြင်းများကို "အငှားချထားသူ" ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။

(င) အငှားချထားသည့်ပစ္စည်းအားလုံးကိုလျော်ကန်သင့်မြတ်သောသတိပိရိယဖြင့်ကောင်းမွန် စွာထိန်းသိမ်းထားရမည်။ လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲဥပဒေစည်းမျဉ်းများနှင့် အညီ သုံးစွဲပြီးမီးဘေးကာကွယ်ရေး အစီအမံများ လုံလောက်စွာ ထားရှိရမည်။

(စ) "**အငှားချထားသူ**"၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ အဆောက်အဦပိုင်းဆိုင်ရာ ပုံစံပြောင်းလဲ ဆောက်လုပ်ခြင်း၊တိုးချဲ့ဆောက်လုပ်ခြင်းများ မပြုလုပ်ရ။

(ဆ) အငှားချထားသည့်ပစ္စည်းများကိုတစ်ဆင့်ငှားရမ်းခြင်း၊ပေါင်နှံခြင်း၊ရောင်းချခြင်း၊သို့မဟုတ် တနည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း၊အသုံးပြုခွင့်ပေးခြင်း စသည်တို့ လုံးဝမပြုလုပ်ရ။

(ဇ) အငှားချထားသည့်စက်ရုံ၏ အခြေအနေကိုလည်းကောင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ပစ္စည်းများ၏ အရည်အသွေးကိုလည်းကောင်း၊ စစ်ဆေးရန်လိုအပ်ပါက "**အငှားချထားသူ**" က နည်းလမ်းတကျလုပ်ပိုင်ခွင့်ပေးအပ်သောကိုယ်စားလှယ်များကို ဝင်ရောက်ခွင့်ပြုရမည်။

<u>ကန့်သတ်</u>

၇

(ဈ) အငှားချထားသည့်ပစ္စည်းများနှင့် ပတ်သက်၍ မြေခွန်မှအပ စည်ပင်သာယာခွန်၊အခြားအခွန်အခများနှင့်ထုတ်လုပ်မှုနှင့်သက်ဆိုင်သည့် အခွန်အခအမျိုးမျိုးကိုကျခံ ပေးဆောင်ရမည်။

